ကြေးမုံ
The Mirror
၁၃၇၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်၊ တနင်္လာနေ့၊ (4-6-2012) (၇၁၄၁)

## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

### ကြည့်ရှုစစ်ဆေး

လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ငလိုက်ဆည်ရေသောက်စနစ် တောင်သူပညာပေး ဧက ၅၀၀ စိုက်ကွင်း၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# အိန္ဒိယ ဘာစမာတီစပါးကို ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် ဧက ၁၀၀၀၀ စိုက်မည် နိုင်ငံတကာ၌ ဈေးကောင်းသည့်အတွက် စိုက်ပျိုးဖြစ်ထွန်းအောင်မြင်ပါက တိုးချဲ့စိုက်ပျိုး

နေပြည်တော် ဇွန် ၃

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ငလိုက်ဆည်ရေသောက်စနစ် တောင်သူပညာပေး ဧက ၅၀၀ စိုက်ကွင်းသို့ရောက်ရှိပြီး တစ်ဆက်တစ်စပ်တည်း ဘာစမာတီစပ်မျိုးစပါးများအား သိပ္ပံနည်းကျပေါင်းစနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးထားရှိမှုနှင့် ၃၀ ရက်သားသက်တမ်းရှိ စိုက်ခင်းများအား ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက စိုက်ပျိုးထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။**




ထို့နောက် ပြည်ထောင်စုဝန်ကြီးက အိန္ဒိယနိုင်ငံမှ မူရင်းစပါးမျိုးဖြစ်သော ဘာစမာတီစပါးအား အောင်မြင်စွာ မျိုးစေ့ထုတ် ဆောင်ရွက်နိုင်ခဲ့ပြီး ယခုမိုးစပါး စိုက်ပျိုးရာသီတွင် ဧက ၁၀၀၀၀ စိုက်ပျိုးအကောင်အထည်ဖော်နေကြောင်း၊ ဘာစမာတီ စပ်မျိုးစပါးသည် နိုင်ငံတကာဈေးကွက်၌ အလွန်ဈေးကောင်းသည့်အတွက် မိမိနိုင်ငံမှ တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ရေးအတွက် စိုက်ပျိုးဖြစ်ထွန်းအောင်မြင်ပါက တိုးချဲ့စိုက်ပျိုးသွားရမည်ဖြစ်ကြောင်း၊ ရာသီဥတုနှင့် ကိုက်ညီမှုအခြေအနေ၊ အထွက်နှုန်း၊ စားသုံးမှု အရည်အသွေး၊ တစ်ဧကကုန်ကျစရိတ်နှင့် တစ်ဧကဝင်ငွေတို့ကို အသေးစိတ်မှတ်တမ်းတင်ထားရန် လိုအပ်ကြောင်း၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့**

# ရန်ကုန်မြို့ သထုံလမ်းရှိ တက္ကသိုလ်များတင်းနစ်ကွင်း အဆင့်မြှင့်တင်တည်ဆောက်ရေးဆွေးနွေး အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပပြီးစီးပါက ပညာရေးဝန်ကြီးဌာနသို့ ပြန်လည်လွှဲပြောင်းမည်

**ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြအေး (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရန်ကုန်မြို့ သထုံလမ်းရှိ တက္ကသိုလ်များတင်းနစ်ကွင်း ၁၅ကွင်းနေရာ၌ ပွဲကြည့်စင်ပါဝင်သော ဗိုလ်လုပွဲပြိုင်ပွဲကွင်း တစ်ကွင်းနှင့် ပွဲစဉ်တစ်လျှောက် ပွဲငယ်ပြိုင်ကွင်း ၁၂ ကွင်းအဖြစ် အဆင့်မြှင့်တင် တည်ဆောက်ရေးအတွက် အားကစားဝန်ကြီးဌာန၏ အဆိုပြုချက်နှင့်စပ်လျဉ်းသည့် တွေ့ဆုံဆွေးနွေးပွဲတွင် ဆွေးနွေးပြောကြားစဉ်။** (သတင်းစဉ်)

**နေပြည်တော် ဇွန် ၃**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရန်ကုန်မြို့ သထုံလမ်းရှိ တက္ကသိုလ်များတင်းနစ်ကွင်း ၁၅ ကွင်းနေရာ၌ ပွဲကြည့်စင်ပါဝင်သော ဗိုလ်လုပွဲပြိုင်ပွဲ ကွင်းတစ်ကွင်းနှင့် ပွဲစဉ်တစ်လျှောက် ပွဲငယ်ပြိုင်ကွင်း ၁၂ ကွင်းအဖြစ် အဆင့်မြှင့်တင် တည်ဆောက်ရေးအတွက် အားကစားဝန်ကြီးဌာန၏ အဆိုပြုချက်နှင့် စပ်လျဉ်းသည့် တွေ့ဆုံဆွေးနွေးပွဲကို မေ ၂၇ ရက် နံနက်ပိုင်းတွင် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)အစည်းအဝေးခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ အားကစားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဦး၊ တက္ကသိုလ်များတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစားပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီး၊ ဆရာကြီးများနှင့် လက်ရှိတာဝန်ထမ်းဆောင်ဆဲ ပါမောက္ခချုပ်များ၊ ဘာသာရပ်ဆိုင်ရာ ပါမောက္ခများ၊ **စာမျက်နှာ ၅ ကော်လံ ၁ သို့**




## ယနေ့ သတင်းအညွှန်း

**အမှိုက်အစို၊ အခြောက် ခွဲခြားပစ်သည့်စနစ်အတွက် အိတ်ဝယ်ယူမှု သက်သာစေရန် ရန်ကုန်မြို့တော် စည်ပင်မှ စီစဉ်**
ပြည်တွင်းသတင်း စာမျက်နှာ ၃

ရာသီဥတုပြောင်းလဲမှုများကြောင့် နိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများကို များစွာအန္တရာယ်ပြု ခြိမ်းခြောက်၊ ကမ္ဘာ့နိုင်ငံအသီးသီးသည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာများကိုဖြေရှင်းရန် ဆောင်ရွက်လျက်ရှိ
သတင်းဆောင်းပါး စာမျက်နှာ ၁၀

**ဂါနာနိုင်ငံ မြို့တော်အက္ကရာ လေဆိပ်တွင် လေယာဉ်နှင့် ဘတ်စ်ကားတိုက်မိ**
နိုင်ငံတကာသတင်း စာမျက်နှာ ၅



**ကမ္ဘာ့ကင်ဆာဖြစ်ပွားနှုန်း ၂၀၃၀ တွင် ၇၅ ရာခိုင်နှုန်းထိ မြင့်တက်လာနိုင်**
နိုင်ငံတကာသတင်း စာမျက်နှာ ၄

ဗြိတိန်ဘုရင်မကြီး နန်းဘိသိက်ခံယူမှု စိန်ရတုအဖြစ် နာမည်ကျော် ဘစ်ဘင်နာရီစင်ကြီးအား အဲလိဇဘတ်မျှော်စင်ဟူ၍ နာမည်ပြောင်းမည်
နိုင်ငံတကာသတင်း စာမျက်နှာ ၄

အတည်ပြုချိန် - ၁၂း၂၀

ကြေးမုံစာတည်းရှထောင့် ၄-၆-၂၀၁၂[တနင်္လာနေ့]။

# စည်းကမ်းလိုက်နာဖို့လိုသည်

ကျွန်ုပ်တို့ နေ့စဉ်လှုပ်ရှားသွားလာနေသည့် လူမှုပတ်ဝန်းကျင်တွင် သက်ဆိုင်ရာပတ်ဝန်းကျင်အလိုက် စည်းကမ်းသတ်မှတ်ချက် ဆိုင်းဘုတ်လေးများကို တွေ့မြင်နိုင်ပါသည်။ 'ကားပေါ်တွင် ဆေးလိပ်မသောက်ရ' ဟူသည့် စာတန်းဆိုင်းဘုတ်လေးကို တွေ့မြင်မိကြသော်လည်း ထိုစာတန်းလေးကို မျက်ကွယ်ပြုလျက် မော်တော်ယာဉ်မောင်းရင်း ဆေးလိပ်သောက်နေသည့် မြင်ကွင်းကို မရိုးမအီနိုင်အောင် တွေ့မြင်နေကြရသည်။

မော်တော်ယာဉ်ပေါ်တွင် စီးနင်းလိုက်ပါလာသည့် ခရီးသည်များအားလုံး(မော်တော်ယာဉ်မောင်းသူအပါအဝင်)၏ ကျန်းမာရေးအတွက် အများပြည်သူနှင့်သက်ဆိုင်သည့်နေရာ (ခရီးသွားမော်တော်ယာဉ်)ပေါ်တွင် ဆေးလိပ်မသောက်ရန် စည်းကမ်းသတ်မှတ်ထားသည်မှာ လျော်ကန်သင့်မြတ်သည့် စည်းကမ်းတစ်ခုဖြစ်သော်လည်း သတ်မှတ်ထားသည့် ထိုစည်းကမ်းနှင့် ပတ်သက်ပြီး တာဝန်အရှိဆုံး ယာဉ်မောင်းသူကိုယ်တိုင် ထိုစည်းကမ်းကို မလိုက်နာခြင်းမှာ ကောင်းသောအပြုအမူမဟုတ်ဟု ရှုမြင်မိပါသည်။

သာဓကအားဖြင့် မိတ္ထီလာ-နေပြည်တော် မော်တော်ယာဉ်လိုင်းတွင် သက်တမ်းအရင့်ဆုံးမော်တော်ယာဉ်လိုင်းနှင့် ခရီးသည်များ အများဆုံးစီးနင်းလိုက်ပါလေ့ရှိသည့် မော်တော်ယာဉ်လိုင်းတစ်လိုင်းမှ မော်တော်ယာဉ်ပေါ်တွင် 'အမျိုးသမီးများကို ဦးစားပေးပါ၊ တန်ဖိုးထားပါ၊ ကာကွယ်စောင့်ရှောက်ပါ' ဆိုသည့်စာတန်းလေးကို ကွန်ပျူတာစာစီစာရွက်ဖြင့် ချိတ်ဆွဲထားသည်ကို တွေ့မြင်ရသည်။ ထို့အတူ မော်တော်ယာဉ်ပေါ်တွင် အဝေးပြေးခရီးသည်တင် မော်တော်ယာဉ်ဖြစ်ပါလျက် အမျိုးသမီး ငါးဦး၊ ခြောက်ဦးခန့်မှာ ထိုင်ခုံမဲ့ မတ်တတ်ရပ်လျက် စီးနင်းလိုက်ပါလာရသည်ကို တွေ့ရသည်။

၎င်းမော်တော်ယာဉ်မှ ယာဉ်နောက်လိုက်သည် မော်တော်ယာဉ်ပေါ်တွင် စီးနင်းလိုက်ပါသည့်အမျိုးသမီးငယ်များနှင့် လမ်းတစ်လျှောက်တွေ့ရသည့် အမျိုးသမီးငယ်များအား နောက်ပြောင်ပြောဆိုသည်ကို မြင်တွေ့ ကြားသိရသည်။ ယာဉ်နောက်လိုက်မှာ သတ်မှတ်ထားသည့် ယူနီဖောင်းကို ဖြစ်ကတတ်ဆန်းဝတ်ထားသည်။ 'အမျိုးသမီးများကို ဦးစားပေးပါ၊ တန်ဖိုးထားပါ၊ ကာကွယ်စောင့်ရှောက်ပါ' စာတန်းလေးမှာ ထိုယာဉ်နောက်လိုက်အတွက် ဟုတ်ဟန်မတူ။

အလားတူ ဒေသခံပြည်သူများ အသုံးပြုနေသည့် သောက်သုံးရေကန်အနီးတွင် 'အမှိုက်မပစ်ရ'၊ 'ငါးမမျှားရ'၊ 'တွေ့ရှိက အရေးယူမည်' ဆိုင်းဘုတ်လေးများ ချိတ်ဆွဲ၍ စည်းကမ်းသတ်မှတ်ထားသည်။ သောက်သုံးရေကန်အနီး တချို့နေရာများတွင် အမှိုက်ပစ်ထားသည်။ အမှိုက်ပုံလေးများကို နေ့စဉ် သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့က တာဝန်ယူလိုက်လံသိမ်းဆည်းနေရသည်။ ကန်ထဲတွင်လည်း ငါးမျှားနေသည်။ တွေ့ရှိက အရေးယူမည်ဆိုထားသည်။ မတွေ့ရှိလို့ အရေးမယူ၊ အရေးယူသော်လည်း ငါးမျှား ငါးဖမ်းနေသည်ကို မသိ။

အများပြည်သူနှင့် သက်ဆိုင်သည့် ဈေးကြီးအတွင်း 'စက်ဘီး၊ ဆိုင်ကယ်များ စီးနင်းဝင်ရောက်ခြင်းမပြုရ'၊ 'လက်တွန်းကုန်တင်လှည်းများ မဝင်ရ' ဟု ဈေးတာဝန်ရှိသူများက စည်းကမ်းသတ်မှတ်ချက်ဆိုင်းဘုတ်များကို ဈေးအဝင်ဝလမ်းတည့်တည့်တွင် ထူထောင်ပြဋ္ဌာန်းထားသည်။ စက်ဘီးဆိုင်ကယ်များနှင့် လက်တွန်းကုန်တင်လှည်းများမှာ ဈေးထဲတွင် ဈေးရောင်း ဈေးဝယ်သူများကြားတွင် ဟွန်းသံ၊ အော်သံညံလျက် ဖြတ်သန်းသွားလာမပျက်၊ 'စက်ဘီး၊ ဆိုင်ကယ်များ စီးနင်းဝင်ရောက်ခြင်းမပြုရ'၊ 'လက်တွန်းကုန်တင်လှည်းများ မဝင်ရ' ဆိုင်းဘုတ်လေးများမှာ ဥပေက္ခာပြုခံထားရသည်။

ထို့ကြောင့် ဆိုင်းဘုတ်လေးများကို ဖတ်စေချင်ပါသည်။ ဆိုင်းဘုတ်တင်ထားသည့် စာကိုဖတ်ပါ။ ပြီးလျှင် လိုက်နာစေချင်ပါသည်။ အဘယ်ကြောင့်ဆိုသော် မိမိတို့နိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံသစ်ကြီးဆီသို့ တက်ညီလက်ညီကြိုးပမ်းလျှောက်လှမ်းနေချိန်ဖြစ်သည်။ ဆိုင်းဘုတ်ငယ်လေးများပေါ်မှ စည်းကမ်းငယ်လေးများကို လိုက်နာနေထိုင်နိုင်မှသာလျှင် ထို့ထက်ပိုမိုလိုက်နာစောင့်ထိန်းရမည့် လူမှုကျင့်ဝတ်စည်းကမ်းများကို ကိုယ်စီလိုက်နာကျင့်သုံးနိုင်လျက် မိမိတို့မျှော်မှန်းရာ ပန်းတိုင်ဆီသို့ မလွဲမသွေရောက်ရှိနိုင်မည်ဟု ယုံကြည်ပါသည်။ ။

# ပုသိမ်မြို့ ဘုရားကြီးကုန်းကျေးရွာရှိ သမိုင်းဝင် မုဋ္ဌောကိုးဆူဝင် မဟာစေတီတော်မြတ်ကြီး စိန်ပူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်ဆက်ကပ်တင်လှူပူဇော်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဇွန် ၃

**ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဇွန် ၂ ရက် နံနက် ၉ နာရီတွင် ကျင်းပသည့် ပုသိမ်မြို့ ဘုရားကြီးကုန်းကျေးရွာရှိ သမိုင်းဝင် မုဋ္ဌောကိုးဆူဝင် မဟာစေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်ဆက်ကပ်တင်လှူပူဇော်ပွဲ အခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။**

ထို့နောက် မဟာစေတီတော်မြတ်ကြီးအား လှူဒါန်းသောအားဖြင့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို သံဃာတော်များထံ ဆက်ကပ်လှူဒါန်းပြီး အနုမောဒနာတရားနာယူကာ လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်တို့ကို ပင့်ဆောင်လျက် မဟာစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်ပတ်ပူဇော်၍ မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်ပူဇော်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ထို့နောက် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင် ပုသိမ်မြို့ ဘုရားကြီးကုန်းကျေးရွာရှိ သမိုင်းဝင် မုဋ္ဌောကိုးဆူဝင် မဟာစေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်ဆက်ကပ်တင်လှူ ပူဇော်ပွဲတွင် စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ထီးတော်တို့ကို ပင့်ဆောင်ပူဇော်ကြစဉ်။** (သတင်းစဉ်)



**မော်လမြိုင်မြို့ ပိဋကတ်တိုက်ကျောင်းစာသင်တိုက် ဦးစီးပဓာန နာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မူလဓမ္မာစရိယ ဘဒ္ဒန္တဥတ္တရဆရာတော်ကြီး၏ ကောင်းမှုမင်္ဂလာအဖြစ် သွားတော်ဓာတ်နှင့် ဆံတော်ရှင်သမိုင်းဝင် ကျိုက်သန်လန်စေတီတော်မြတ်ကြီးတည်ရှိရာ ပရိဝုဏ်အတွင်း ဓာတ်လှေကားတည်ဆောက်ရန်အတွက် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲကို မေ ၂၀ရက်က ပိဋကတ်တိုက်ကျောင်းတိုက်၌ ကျင်းပရာ ဆရာတော်ကြီး၏ကိုယ်စား ညီဖြစ်သူ ဦးအုန်းမြင့်(မကွေး)မှ ငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်း ဥက္ကဋ္ဌနှင့် ဘဏ္ဍာရေးမှူးတို့ လက်ခံရယူပြီး ဂုဏ်ပြုလွှာပေးအပ်စဉ်။** (၃၀၇)

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၃ - ၆ -၂၀၁၂

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| မြန်မာ (ကျပ်) | ၈၄၂. ၀၀၀ | ၀. ၀၀၁၁၉ |
| ထိုင်း (ဘတ်) | ၃၁. ၇၆၀၀ | ၀. ၀၃၁၄၉ |
| တရုတ် (ယွမ်) | ၆. ၃၇၀၆၀ | ၀. ၁၅၆၉၇ |
| အိန္ဒိယ(ရူပီး) | ၅၅. ၅၄၀၃ | ၀. ၀၁၈၀၀ |
| မလေးရှား (ရင်းဂစ်) | ၃. ၂၀၀၉၀ | ၀. ၃၁၂၄၁ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၉၂၅၀ | ၀. ၇၇၃၆၉ |
| ဂျပန် (ယန်း) | ၇၈. ၀၀၀၀ | ၀. ၀၁၂၈၂ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၈၂. ၃၀ | ၀. ၀၀၀၈၅ |
| ယူရို | ၀. ၈၀၄၂၀ | ၁. ၂၄၃၄၇ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၅၀၈၅ | ၁. ၅၃၆၄၅ |

*အင်တာနက်။*

# မိတ္ထီလာ အထက(၁)တွင် ရေသန့်စက်နှင့် ပူးတွဲအသုံးပြုမည့် ပထမဆုံး ရေစစ်ကန်တည်ဆောက်လျက်ရှိ

**မိတ္ထီလာ ဇွန် ၃**

မိတ္ထီလာမြို့အထက(၁) နယ်မြေဧရိယာတွင် ရေသန့်စက်နှင့် ပူးတွဲအသုံးပြုမည့် ပထမဆုံးရေစစ်ကန်ကို တည်ဆောက်လျက်ရှိပြီး တည်ဆောက်မှုပြီးစီးပါက ကျောင်းသား ကျောင်းသူ ၄၀၀၀ ကျော်နှင့် ဆရာ ဆရာမများမှာ သာမန်ရေသန့်ထက် ပိုမိုသန့်စင်သော သောက်သုံးရေသန့်ကို သောက်သုံးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **( အောက်ယာပုံ )**

စည်ပင်သာယာရေးအဖွဲ့မှ AE ဦးစိုးအောင်က "နည်းပညာပိုင်းဆိုင်ရာကို စေတနာနဲ့ အခမဲ့အကျိုးဆောင် တည်ဆောက်ပေးတာပါ။ မိတ္ထီလာကန်ရေကို သောက်သုံးရေအဖြစ် အသုံးပြုမယ်ဆိုရင် သန့်စင်ပြီးမှ အသုံးပြုမှပိုးမွှားနဲ့ အညစ်အကြေးကင်းစင်တဲ့ သောက်ရေသန့်ကို သောက်သုံးနိုင်မှာ ဖြစ်ပါတယ်။ ရိုးရိုးရေသန့်စက်ချည်းနဲ့ ရေကိုသန့်ပြီး သုံးမယ်ဆိုလည်း သုံးလို့ရပါတယ်။ အခုကျောင်းမှာ တည်ဆောက်နေတဲ့ ရေစစ်ကန်မှာ ရေစစ်ပြီးမှ ရေသန့်စက်မှာ ထပ်မံသန့်စင်မယ်ဆိုရင် ရေသန့်စက်ရဲ့ အသုံးပြုနိုင်မယ့် အရည်အသွေး ကာလကြာမြင့် ကောင်းမွန်မှာ ဖြစ်ပါတယ်။ တစ်နှစ်၊ နှစ်နှစ်လောက်ပဲ သာမန်အားဖြင့် အသုံးပြုနိုင်မယ့် ရေသန့်စက်ကို ရေစစ်ကန်ပါ ပူးတွဲတည်ဆောက်ပေးထားရင် လေးငါးဆယ်နှစ်လောက်အထိ ရေသန့်စက်ကို ကောင်းမွန်စွာ လည်ပတ်အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ အခုဆောက်နေတဲ့ ရေစစ်ကန်မှာ ပထမဆုံး မိတ္ထီလာကန်ထဲက သွယ်ယူလိုက်တဲ့ ရေတွေကို ရေပန်းအဆင့်ဆင့်ဖြာထွက်အောင်ပြုလုပ်ပြီး ပြန်ကျလာတဲ့ ရေကိုမှ အနည်စစ်ကန်မှာ အနည်ထိုင်အောင်စစ်ပြီးမှ အမှုန်အမွှား အညစ်အကြေးတွေကို ပြန်စစ်၊ အဲဒီလို စစ်ပြီးတဲ့ ရေကိုထပ်မံစစ်ဖို့အတွက် ကျောက်ခဲကြီး၊ ကျောက်ခဲလတ်၊ ကျောက်ခဲငယ်၊ ကျောက်မှုန့်ကျောက်မွှား (ဆန်ခွဲကျောက်) ကျင်းတွေထဲကို စီးဆင်းစေပြီး သန့်စင်မယ်။ နောက်ဆုံးသန့်စင်တဲ့ သဲကျင်းတွေထဲကို အဲဒီရေကို ထပ်မံစီးဆင်း သန့်စင်စေဦးမယ်။ အဲဒီလို အဆင့်ဆင့်စစ်ပြီးမှ ရရှိတဲ့ရေကို နောက်ဆုံးရေသန့်စက်ရှိရာကို ပို့ဆောင်သန့်စင်မှာ ဖြစ်ပါတယ်" ပြောပြသည်။

"အခုမှ တည်ဆောက်ဆဲကာလဖြစ်ပေမယ့် ရေစစ်ကန်နဲ့ ရေသန့်စက်တည်ဆောက်ဖို့ စုစုပေါင်း ငွေကျပ် သိန်း ၁၀၀ ဝန်းကျင်ခန့် ကုန်ကျမယ်လို့ မှန်းထားပါတယ်။ ဒေသခံ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ စေတနာရှင်တွေရဲ့ အများစုပေါင်းလှူဒါန်းငွေနဲ့ ခုလာမယ့် ပညာသင်နှစ်အတွင်း ပြီးစီးအောင် တည်ဆောက်သွားမှာပါ" ဟု အထက(၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်မာလာက ပြောပြသည်။

(၅၇၉)

သက်ရှိလောက
တည်မြဲဖို့
သဘာဝတောတွေ
ထိန်းသိမ်းစို့

## မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၄-၆-၂၀၁၂ (တနင်္လာနေ့)

| | |
|---|---|
| ၇း၀၅ | တရားတော် |
| ၈း၁၅ | ဇာတ်လမ်းတို |
| ၄း၁၅ | စိုက်ပျိုးသုတ |
| ၅း၂၀ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင်ဒုတိယတွဲ (အပိုင်း-၅)** |
| ၆း၂၀ | သံစဉ်လမ်းက လင်းလက်ကြယ် |
| ၇း၀၀ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကွန်ဖူးဘုရင်ဘရုစ်လီ (အပိုင်း-၄၂)** |
| | -မေးမြန်းစူးစမ်း |
| | -ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | **-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အရိုက်အရာ" (အပိုင်း-၁၉)** |
| | -Mini Series |



**※ အိန္ဒိယ ဘာစမာတီမှ**

နိုင်ငံခြားဈေးကွက်တွင် ဝယ်လိုအားကောင်းသည့် ဘာစမာတီ စပ်မျိုးစပါး၏ ဖြစ်ထွန်းအောင်မြင်မှု အလားအလာများကို တောင်သူများအား ကျယ်ပြန့်စွာပညာပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တစ်ဧကတန် ၅၀ ထွက်ရှိနိုင်သည့် ကြံမျိုးသန့်မျိုးပွား ၁၀ ဧက စိုက်ခင်းသို့ရောက်ရှိပြီး ကြံစိုက်ခင်း ဖြစ်ထွန်းအောင်မြင်မှုများကို စစ်ဆေးကာ မျိုးကြံများကို ပျဉ်းမနား၊ လယ်ဝေး၊ ရေတာရှည်၊ အုတ်တွင်းမြို့နယ်များရှိ သကြားစက်များ၌ မျိုးသန့်မျိုးပွားဆောင်ရွက်နိုင်ရန် မှာကြားသည်။

ယင်းနောက် သုတေသနပြုစိုက်ပျိုးထားသော ငွေချည်(၆) ချည်မျှင်ရှည်ဝါ ၁၀ ဧကစိုက်ခင်းသို့ ရောက်ရှိပြီး ဆွတ်ခူးနေသော ဝါသီး၊ ဝါပေါက်နှင့် ဝါစေ့များအား အလေအလွင့်မရှိအောင် သတိပြုဆောင်ရွက်ရန်၊ ဝတ်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သော ဝါများကို ဖြစ်ထွန်းသည့်ဒေသများတွင် တိုးချဲ့စိုက်ပျိုးရန် မှာကြားသည်။

ထို့နောက် အိန္ဒိယစပ်မျိုးနေကြာစိုက်ခင်းအား ကြည့်ရှုပြီး တစ်ဧက အပင်အရေအတွက် ပြည့်မီရေးနှင့် အစ-အလယ်-အဆုံး တစ်ဧကကုန်ကျစရိတ်နှင့် ဝင်ငွေများကို စနစ်တကျမှတ်တမ်းတင်ထားရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဟင်းခင်းပဒေသာစိုက်ခင်းရှိ ခရမ်း၊ ငရုတ်၊ သခွား၊ ဘူး၊ ဖရဲ၊ ဟင်းနုနယ်၊ ပြောင်း၊ ကန်စွန်း စသည့် ဟင်းသီးဟင်းရွက် သစ်သီးဝလံ အမယ်စုံစိုက်ခင်းကို ကြည့်ရှုပြီး အာဟာရတန်ဖိုးကြွယ်ဝသော သစ်သီးဝလံများကို ကျယ်ပြန့်စွာ တောင်သူများစိုက်ပျိုးနိုင်ရေး မျိုးကောင်းမျိုးသန့် မျိုးစေ့များ ဖြန့်ဖြူးပေးရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၄-၆-၂၀၁၂ (တနင်္လာနေ့)(၁၃၇၄ခုနှစ်၊ နယုန်လပြည့်နေ့(ဥပုသ်နေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော် |
| ၇း၄၀ | ၂။ | နယုန်လပြည့်နေ့(မဟာသမယ အခါတော်နေ့) တရားတော် နိုင်ငံတော်သံဃ မဟာနာယက အဖွဲ့၊ အဖွဲ့ဝင်မန္တလေးတိုင်းဒေသကြီး တောင်သာမြို့ သာသနမူလိကာ ရာမတိုက်ပဓာနနာယကဆရာတော် ဘဒ္ဒန္တနန္ဒောဘာသ (အဂ္ဂမဟာပဏ္ဍိတ)၏“ငြိမ်းချမ်း ညီညွတ်ရေးရ-မဟာသမယ အခါတော်နေ့” တရားတော် |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၃၀ | ၁။ | အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(သတ္တဗေဒအထူးပြု) (သတ္တဗေဒ) |
| ၄း၅၀ | ၂။ | “တပ်ကုန်းမြို့နယ် ညောင်ကိုင်း အရပ်မှာ တည်လို့ထား ရွှေဟောင်း မဟာသိမ်တော်ကြီးဘုရား” |
| ၅း၀၀ | ၃။ | မြန်မာစာ၊ မြန်မာစကား |
| ၅း၁၅ | ၄။ | “ရင်ခုန်စောင့်စားယူရိုဖလား” (အုပ်စု-A) |
| ၅း၂၅ | ၅။ | သီတဂူဆရာတော်ဒေါက်တာ အရှင်ဉာဏိဿရ၏ နယုန်လပြည့် မဟာသမယနေ့ကြီးကျယ် ထူးမြတ်သည့်အခါတော်နေ့ တရားတော် |
| ၆း၂၀ | ၆။ | ဆိုကြမယ်၊ ပျော်ကြမယ် |
| ၇း၀၀ | ၇။ | နိုင်ငံခြားဇာတ်လမ်းတွဲ “ဖေဖေ့သမီး” (အပိုင်း-၈) |
| ၈း၀၀ | ၈။ | ပြည်တွင်းသတင်း |
| | ၉။ | ကမ္ဘာကျော်သရုပ်ဆောင်များ |
| | ၁၀။ | **နိုင်ငံခြားဇာတ်လမ်းတွဲ** “ရှုမငြီးတဲ့ချစ်သမီး” (အပိုင်း-၁၁) |
| | ၁၁။ | အိန္ဒိယရုပ်ရှင် “အချစ်ကိုသိချိန်” (အပိုင်း-၁) |

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် မန္တလေးတိုင်းဒေသကြီးရှိ တက်သိမ်းအင်းနှင့် တောင်သမန်အင်းတို့၌ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဇွန် ၃**

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချနိုင်ရန် နိုင်ငံတော်အစိုးရသည် ကော်မတီ(၂)ရပ်၊ လုပ်ငန်းစဉ်(၈)ရပ်တို့ဖြင့် ကဏ္ဍအသီးသီးအလိုက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း ယနေ့နံနက် ၈ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် တက်သိမ်းအင်း၌ အင်းလုပ်ငန်းနှင့် ဆက်စပ်လျက်ရှိသော ရေလုပ်သားများနှင့် တွေ့ဆုံရာတွင် သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ပြောကြားသည်။

ဆက်လက်ပြောကြားရာတွင် တက်သိမ်းအင်းသည် မန္တလေးတိုင်းဒေသကြီး၏ ငါးစားသုံးမှုလိုအပ်ချက်ကို တစ်စိတ်တစ်ဒေသ ဖြည့်ဆည်းပေးနေသော အင်းဖြစ်သဖြင့် ရေရှည်တည်တံ့စေရေးအတွက် အင်းသူကြီးများနှင့် ရေလုပ်သားများက သဘာဝပတ်ဝန်းကျင် မပျက်စီးစေဘဲ တိုင်းရင်းငါးမျိုးများ ပြန်းတီးမှုကိုပါ ကာကွယ်ထိန်းသိမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ရေလုပ်သားများ သက်သာချောင်ချိမှုရှိစေရန်အတွက် အင်းပတ်ဝန်းကျင်ကျေးရွာများရှိ အိမ်ဆိုင်များအား ဖြန့်ချိရောင်းချပေးနိုင်မည့် အခြေခံစားသုံးသူ သမဝါယမလက်ကားအသင်းဆိုင်များကို ဖွဲ့စည်းဖွင့်လှစ်ပြီး အရင်းမပျောက် မတည်ငွေများအား အတိုးမဲ့ထုတ်ချေး၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံသစ်ထူထောင်ရာတွင် အစိုးရအပေါ် လုံးဝမှီခိုအားထားနေခြင်းမှ စုပေါင်းအကောင်အထည်ဖော်နိုင်မည့် သမဝါယမလုပ်ငန်းများဖြင့်လည်း တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ပြည်သူများကလည်း မိမိဒေသ၊ ရေ၊ မြေနှင့် ကိုက်ညီသော လုပ်ငန်းသစ်များအတွက် လိုအပ်ချက်များကို ထိုးထွင်းကြံဆကာ ပွင့်ပွင့်လင်းလင်း ညှိနှိုင်းဆွေးနွေးကြပါရန် တိုက်တွန်းပြောကြားပြီး တက်ရောက်လာသူများ၏ ဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အမရပူရမြို့နယ် တောင်သမန်အင်းသို့ သွားရောက်ပြီး အင်းပတ်ဝန်းကျင်ကျေးရွာများမှ ရေလုပ်သားများနှင့်တွေ့ဆုံကာ ရေလုပ်ငန်းသမဝါယမအသင်း အစုအဖွဲ့များဖွဲ့စည်း၍ တောင်သမန်အင်းအား ရေရှည်တည်တံ့ခိုင်မြဲရေး၊ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ မပျက်စီးစေရေးတို့အား ကူညီဆောင်ရွက်ပေးကြပါရန် အထူးအလေးအနက်ထား မှာကြားလိုကြောင်း၊ အင်းသဘာဝအလှမပျက်စီးစေဘဲ အင်းအား အမှီသဟဲပြုမှီတင်းနေထိုင်ကြသော ပြည်သူများကလည်း တိုင်းချစ်ပြည်ချစ်စိတ်အပြည့်အဝဖြင့် ပူးပေါင်းကာကွယ်ထိန်းသိမ်းဆောင်ရွက်ကြရင်း လူမှုစီးပွားဘဝ တည်ဆောက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထိုသို့ဆောင်ရွက်ရာတွင် တက်သိမ်းအင်းနှင့် တောင်သမန်အင်း ပတ်ဝန်းကျင်ကျေးရွာများဖြစ်သော နတ်ရွာကုန်း၊ သာယာကုန်း၊ ဆေးရိုးစု၊ ဧရာထွန်း(၁)၊ ဧရာထွန်း(၂)၊ သရက်တန်း(တောင်)၊ သရက်တန်း(မြောက်)၊ သာယာအေး၊ တဲနံ့သာ၊ ရွာသစ်၊ နွားနို့တောစု၊ တောင်သမန်၊ ဆီမီးထွန်း၊ ထန်းတော၊ အိုးဘိုနှင့် ဆုံအိုးကျေးရွာများမှ ရေလုပ်သားများနှင့် ကျေးရွာသူ ကျေးရွာသားများအား ကွင်းဆင်းဖွဲ့စည်းရေးအဖွဲ့များက သမဝါယမအသင်းအစုအဖွဲ့များ ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**❖ ကမ္ဘာ့အနက်ဆုံးမှ**

သမုဒ္ဒရာကြမ်းပြင်မှ နမူနာများ ကောက်ယူစုဆောင်းခြင်းနှင့် သိပ္ပံဆိုင်ရာ သုတေသနပြုမှုများ အဓိကပါဝင်မည်ဖြစ်သည်။

တရုတ်သုတေသနရေယာဉ် ဟိုင်းယန်း-၆သည် ဂျီယောက်လုံ ရေနက်ဆင်းယာဉ်အတွက် သမုဒ္ဒရာ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာများကို ပိုမိုသိရှိနားလည်နိုင်ရန် ယခုနှစ်အစောပိုင်းက မာရီယာနာသမုဒ္ဒရာချောက်အတွင်း အသေးစိတ်တိုင်းတာလေ့လာမှုများ ပြုလုပ်ခဲ့သည်။

“ ဂျီယောက်လုံ” သည် ပင်လယ်ရေမျက်နှာပြင်အောက်မီတာ ၇၀၀၀ အထိ လူလိုက်ပါငုပ်ဆင်းနိုင်ရန် ပုံစံထုတ်ထားသော ကမ္ဘာ့ပထမဆုံး ရေနက်ဆင်းယာဉ်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ။**

# ဒုတိယဝန်ကြီး ဦးသန်းထွန်း ရှမ်းပြည်နယ်ရှိ သမဝါယမအသင်းများ စစ်ဆေး

**နေပြည်တော် ဇွန် ၃**

သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းသည် ဇွန် ၁ ရက်နှင့် ၂ ရက်တို့တွင် ကလောမြို့နယ် ရွှေကလောအထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ တည်းခိုခန်းနှင့်ဆေးပေးခန်း၊ အောင်ပန်းမြို့မ အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်၊ ဇောတိကဈေး သမဝါယမအသင်းလီမိတက်၊ အင်းလေးဒေသရှိ ပဒုမ္မာကြာသက်န်းရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၊ စိန်သမာဓိ အထွေထွေရောင်းဝယ်ရေးသမဝါယမအသင်းနှင့် ရွှေညောင်မြို့ နဝရတ်လယ်ယာနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ဒုတိယဝန်ကြီးသည် အောင်ပန်းမြို့မခန်းမ၌ ငွေစုငွေချေး သမဝါယမအသင်း သုံးသင်း၊ စိုက်ပျိုးရေးသမဝါယမအသင်း တစ်သင်း၊ မွေးမြူရေးသမဝါယမအသင်း သုံးသင်း၊ စစ်မှုထမ်းဟောင်းသမဝါယမအသင်း တစ်သင်း၊ လယ်ယာကုန်ထုတ် သမဝါယမအသင်း နှစ်သင်းနှင့် ညောင်ရွှေမြို့၌ မွေးမြူရေးသမဝါယမအသင်း တစ်သင်း စုစုပေါင်း အသင်း ၁၁ သင်း ဖွဲ့စည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# အမှိုက်အစို၊ အခြောက် ခွဲခြားပစ်သည့်စနစ်အတွက် အိတ်ဝယ်ယူမှုသက်သာစေရန် စီစဉ်

**ရန်ကုန် ဇွန် ၃**

အမှိုက်အစိုနှင့် အခြောက်တို့ကို အရောင်ပါအိတ်များဖြင့် သတ်မှတ်ထားသည့်အတိုင်း ခွဲခြားပစ်စေသည့်စနစ်တွင် ပလတ်စတစ်အိတ်ဝယ်ယူရခြင်းမှ သက်သာမှုရှိစေရန် အစီအစဉ်များ ပြုလုပ်ထားကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“ဝယ်သုံးရမယ့်အစား စည်ပင်သာယာပဲဖြစ်ဖြစ် အလကားပေးတာမျိုးကို လိုချင်တဲ့သူတွေ၊ တခြား ဘယ်အိတ်နဲ့မဆို စွန့်ပစ်တာကိုလက်ခံစေချင်တဲ့ သူတွေရှိလာတာကို ကျွန်တော်တို့ ကြားသိလာရတယ်။ အဲဒီအတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ပလတ်စတစ်လုပ်ငန်းရှင်တွေကိုခေါ်ပြီးတော့ သာမန်ဈေးဝယ်ရင်းရောင်းနေတဲ့ ဈေးသည်တွေအတွက် ပလတ်စတစ် အဖြူရောင်အိတ်တွေ မထုတ်ဘဲ အပြာရောင်နဲ့ အစိမ်းရောင်အိတ်တွေပဲထုတ်ဖို့ ခေါ်ယူညှိနှိုင်းတဲ့အခါ သဘောတူလက်ခံခဲ့ကြတယ်” ဟု ၎င်းက ရှင်းပြသည်။

ထိုသို့ ဈေးဝယ်ရင်း ရရှိလာသော ပလတ်စတစ်အိတ်အပြာရောင်နှင့် အစိမ်းရောင်တို့ကို အသုံးပြု၍ အမှိုက်အစို၊ အခြောက်ခွဲခြားစွန့်ပစ်ခြင်းကြောင့် အများပြည်သူတို့အနေဖြင့် ကုန်ကျစရိတ်သက်သာစေနိုင်မည်ဟု သိရသည်။ အဆိုပါညှိနှိုင်းဆွေးနွေးမှုကို မေ ၁၆ ရက်တွင် ပြုလုပ်ခဲ့ကြခြင်းဖြစ်ပြီး ပလတ်စတစ် လုပ်ငန်းရှင်ကြီးများက သဘောတူလက်ခံခဲ့သောကြောင့် မကြာမီ ပလတ်စတစ်အိတ် အပြာရောင်နှင့် အစိမ်းရောင်တို့ကို ဈေးဝယ်ရင်းရရှိလာမည် ဖြစ်သလို ဝယ်ယူရသက်သာစေရန်အတွက် ကော်မတီမှ စီစဉ်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း ၎င်းမှ ဆက်လက်ပြောကြားခဲ့သည်။

**ထက်ခိုင်(စမ်းချောင်း)**

# ကျေးလက်ဒေသနေ ပြည်သူများအတွက် အခမဲ့ဆေးဝါးကုသမှုပေး

**ရန်ကုန် ဇွန် ၃**

မြန်မာစီးပွားစီမံ အမှုဆောင်များအသင်း ဥက္ကဋ္ဌ ဦးမြင့်မောင်ထွန်း၊ အနန္တမြန်မာ့မေတ္တာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် ဒုတိယဥက္ကဋ္ဌ ဒေါက်တာသက်သက်ခိုင် (ရွှေနန်းတော်၊ စိန်နန်းတော်) တို့ ဦးဆောင်သော ကျေးလက်ပြည်သူများ အခမဲ့ဆေးဝါးကုသရေးအဖွဲ့သည် မေ ၂၈ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် တော်ပုလဲကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ အခမဲ့ဆေးဝါးကုသရေးစခန်းဖွင့်လှစ်၍ ကွမ်းခြံကုန်းမြို့နယ်မှ ကျေးရွာများဖြစ်ကြသည့် အင်ကလုံး၊ တော်ခရမ်း၊ ပေကုန်း၊ မြို့မ၊ တော်ပုလဲ၊ စံပြ၊ ညောင်ငူ၊ ဒေးဒနော၊ ကံကြီးမကြီး၊ တောင်ဘက်ပိုင်း၊ သမပိုင်းနှင့် ကမာပါ ကျေးရွာ ၁၂ ရွာမှ ကျေးလက်နေပြည်သူ ၂၉၃ ဦးကို အခမဲ့ဆေးဝါးကုသပေးခဲ့သည်။ **(အောက်ပုံ)**

အလားတူ မေ ၂၉ ရက်က ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် လေးအိမ်တန်းကျေးရွာ အထက်တန်းကျောင်း၌ အခမဲ့ဆေးဝါးကုသရေးစခန်းဖွင့်လှစ်၍ ကျေးရွာအုပ်စု ငါးအုပ်စုမှ ဇလပ်ကုန်း၊ ခနုံးကုန်း၊ မရမ်းဝ၊ နေရောင်ကာ၊ ရွှေတောင်စု၊ ကျုံဖဲ၊ ကျောင်းစု၊ ဇီးဖြူချောင်၊ လေးအိမ်တန်း၊ စိန်လေးကုန်း၊ ကွန်ဒိုင်း၊ ကျွဲသလင်းကုန်း၊ တံတားချောင်းနှင့် ကွင်းဘုန်း စသည့် ကျေးရွာ ၁၄ ရွာမှ ကျေးလက်နေပြည်သူ ၄၇၅ ဦးကို အခမဲ့ဆေးဝါးကုသပေးခဲ့သည်။

အခမဲ့ဆေးဝါးကုသရေးလုပ်ငန်းတွင် နယ်မြေခံ ကျန်းမာရေးဝန်ထမ်းများ၊ ခရစ်ယာန်နှစ်ခြင်းအသင်းဝင်များ၊ အုပ်ချုပ်ရေးမှူးများ၊ ဆရာ ဆရာမများနှင့် ကျေးရွာသူ၊ ကျေးရွာသားများက ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(ကြေးမုံ)





**မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၌ ပြင်ပလူနာနှင့် ဆေးရုံတက်ရောက်၍ ဆေးကုသမှုခံယူနေကြသော ဂီလာန သံဃာတော်များ၊ သီလရှင်များအတွက် အလှူရှင် ဦးသိန်းတန်-ဒေါ်သန်းသန်းနွဲ့(ရွှေပြည်သာရွှေသိန်းသန်းကမ္ဘာရွှေတူးဖော်ရေးကုမ္ပဏီ) မိသားစုက ထာဝရဆေးပဒေသာပင် စိုက်ထူငွေကျပ်သိန်း ၁၀၀ ကို ဇွန် ၁ ရက်က ပေးအပ်လှူဒါန်းရာ ဇီဝိတဒါနသံဃာ့ဆေးရုံ သီလရှင်ဆေးရုံကြီးကြပ်ရေး အမျိုးသမီးများဆပ်ကော်မတီ နာယက ဒေါ်မြတ်ငွေ၊ ဆေးရုံ(စီမံ) ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာကိုလေး၊ တွဲဖက်အတွင်းရေးမှူးများဖြစ်သော ဦးမြဝင်း(စီမံ)၊ သုခမ္မမဏိဇောတခရ ဦးကျော်ဝင်း(ဘဏ္ဍာ)နှင့် တာဝန်ရှိသူများ လက်ခံကြစဉ်။**

(တင်မောင်-မန္တလေး)

# လားရှိုး၌ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ကျင်းပ

**လားရှိုး ဇွန် ၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် ဇွန် ၃ ရက်က အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲနှင့် “မူးယစ်အန္တရာယ် လူ့ရန်စွယ် ကာကွယ်တိုက်ဖျက်လက်ချင်းဆက်” မြေစိုက်ပိုစတာစိုက်ထူပွဲ ကျင်းပရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကိုကိုအောင်၊ ဒုတိယဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်စိုးနှင့် တွဲဖက်ပြည်နယ်/ခရိုင်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ လားရှိုးမူးယစ်အထူးအဖွဲ့ ကြီးကြပ်သူအရာရှိနှင့် တပ်ဖွဲ့ဝင်များ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များ၊ တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ သူနာပြုသင်တန်းကျောင်းမှ ကျောင်းသူများနှင့် NGO အဖွဲ့များ စုစုပေါင်း အင်အား ၂၅၀ ခန့် တက်ရောက်ကြသည်။

ထို့နောက် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဝင်များနှင့် တွဲဖက်ပြည်နယ်/ခရိုင်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့ဝင်များသည် လားရှိုးမြို့ အထက(၆)၌ကျင်းပသော ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲယှဉ်ပြိုင်နေသည့် ကျောင်းသားကျောင်းသူများအား သွားရောက်အားပေးကြည့်ရှုပြီး ခရိုင်အုပ်ချုပ်ရေးမှူးက ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများအား တစ်ဦးလျှင် ဆုငွေကျပ် ၅၀၀၀ စီပေးအပ်ချီးမြှင့်သည်။

အထက(၆)၌ ယှဉ်ပြိုင်ခဲ့သည့် ပန်းချီပြိုင်ပွဲတွင် မူလတန်းအဆင့် ၁၉ ဦး၊ အလယ်တန်းအဆင့် ၁၅ ဦး၊ အထက်တန်းအဆင့် ၁၀ ဦး၊ ကာတွန်းပြိုင်ပွဲတွင် မူလတန်းအဆင့် ၁၀ ဦး၊ အလယ်တန်းအဆင့် ကိုးဦး၊ အထက်တန်းအဆင့် လေးဦး၊ ပိုစတာပြိုင်ပွဲတွင် မူလတန်းအဆင့် ၁၃ ဦး၊ အလယ်တန်းအဆင့် ကိုးဦး၊ အထက်တန်းအဆင့် ခုနစ်ဦး၊ ကွန်ပျူတာပန်းချီပြိုင်ပွဲတွင် အလယ်တန်းအဆင့် ရှစ်ဦးနှင့် အထက်တန်းအဆင့် ကိုးဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၁၃ ဦး ပါဝင်ယှဉ်ပြိုင်ကြောင်းသိရသည်။

(ကြေးမုံ)



ဗီယက်နမ်နိုင်ငံ ကမ်းရန်ပင်လယ်အော် ရေနက်ဆိပ်ကမ်း၌ ပြုပြင်မွမ်းမံမှုများ ပြုလုပ်နေသော အမေရိကန်ကုန်တင်သင်္ဘောများမှ အမှုထမ်းများကို အမေရိကန်ကာကွယ်ရေးဝန်ကြီးတွေ့ဆုံ နှုတ်ဆက်စဉ်။

# အမေရိကန်ပြည်ထောင်စု၏ အာရှမဟာဗျူဟာအတွက် ဗီယက်နမ်၏ ကမ်းရန်ပင်လယ်အော်ဆိပ်ကမ်း အရေးပါ

ကမ်းရန်ဘေး ဇွန် ၃

**ဗီယက်နမ်စစ်ပွဲကာလအတွင်း အမေရိကန်စစ်ဘက်က အသုံးပြုခဲ့သော ကမ်းရန်ပင်လယ်အော်ရေနက်ဆိပ်ကမ်းသည် အမေရိကန်ပြည်ထောင်စု၏ အာရှဒေသဆိုင်ရာ စစ်ရေးမဟာဗျူဟာသစ်အရ အရေးပါလာမည်ဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးက ဇွန် ၃ ရက်တွင် ပြောကြားခဲ့သည်။**

အမေရိကန်ရေတပ်၏ စစ်သင်္ဘော ၆၀ ရာခိုင်နှုန်းကို ၂၀၂၀ ခုနှစ်တွင် အာရှ-ပစိဖိတ်ဒေသသို့ရွှေ့ပြောင်း ဖြန့်ကြက်မည်ဖြစ်ရာ ကမ်းရန်ပင်လယ်အော်ဆိပ်ကမ်းကဲ့သို့သော ပစိဖိတ်ဒေသဆိပ်ကမ်းများသည် အရေးပါလာမည်ဖြစ်ကြောင်း လီယွန်ပါနက်တာက ပြောကြားခဲ့သည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီးသည် တောင်တရုတ်ပင်လယ်ဒေသအနီးတည်ရှိသော ဗီယက်နမ်နိုင်ငံ ကမ်းရန်ပင်လယ်အော်ရေနက်ဆိပ်ကမ်းသို့ တနင်္ဂနွေနေ့က သွားရောက်ရာတွင် အထက်ပါအတိုင်း ပြောကြား ခဲ့ခြင်းဖြစ်သည်။

အီရတ်နှင့်အာဖဂန် စစ်ပွဲများအလွန်ကာလ၌ ပစိဖိတ်ဒေသကို ဗဟိုချက်အဖြစ်ထားရှိမည့် အမေရိကန် ပြည်ထောင်စု၏ စစ်ရေးမဟာဗျူဟာသစ်အသေးစိတ်အား စင်ကာပူနိုင်ငံ ရှန်ဂရီလာ လုံခြုံရေးဖိုရမ်၌ အသေးစိတ်ပြောကြားခဲ့ပြီးနောက် ဗီယက်နမ်နိုင်ငံကမ်းရန်ပင်လယ်အော်ဆိပ်ကမ်းသို့ အမေရိကန်ကာကွယ်ရေးဝန်ကြီးက သွားရောက်ခဲ့ခြင်းဖြစ်သည်။

ကမ်းရန်ပင်လယ်အော်ဆိပ်ကမ်းသည် တရုတ်နိုင်ငံ၏ တောင်ဘက်မိုင် ၄၅၀ အကွာတွင်တည်ရှိသော အာရှအကောင်းဆုံးဆိပ်ကမ်းတစ်ခုဖြစ်ပြီး ဗီယက်နမ်စစ်ပွဲကာလအတွင်း အမေရိကန်စစ်ဘက်၏ အဓိက ထောက်ပို့စခန်းဖြစ်ခဲ့သည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီး လီယွန်ပါနက်တာသည် ဗီယက်နမ်စစ်ပွဲပြီးဆုံးခဲ့သည့် နောက်ပိုင်း ကမ်းရန် ပင်လယ်အော်ဆိပ်ကမ်းသို့ ပထမဆုံးရောက်ရှိခဲ့သော အမေရိကန်ထိပ်တန်းတာဝန်ရှိသူတစ်ဦး ဖြစ်သည်။ ***အင်တာနက်။***

# အိန္ဒိယနိုင်ငံ အာသံပြည်နယ်မြို့တစ်မြို့ကို အဆိပ်ရှိပင့်ကူအုပ်ကြီးများကျရောက်

**ဆာဒီယာ ဇွန် ၃**

အိန္ဒိယနိုင်ငံ အာသံပြည်နယ်မှ ဆာဒီယာအမည်ရှိ မြို့တစ်မြို့တွင် အဆိပ်ပြင်းသည့် ပင့်ကူအုပ်များ ကျရောက်ခဲ့ရာ ပင့်ကူရှုပ်ခံခဲ့ရသူ နှစ်ဦးသေဆုံးခဲ့ရကြောင်း ဇွန် ၃ ရက် သတင်းများတွင် ဖော်ပြသည်။

မေ ၈ ရက် ညနေပိုင်းတွင် ဟိန္ဒူဘာသာရေးပွဲတော်တစ်ရပ်ကို ဆာဒီယာမြို့၌ ဆင်နွှဲနေစဉ် ပင့်ကူအုပ်များ ရုတ်တရက် ပေါ်ထွက်လာကာ ပွဲတော်လာသူများအား ရန်မူတိုက်ခိုက်ခဲ့ကြောင်း ဒေသခံများက ပြောကြားသည်။

ပင့်ကူအုပ်ကျရောက်ပြီး ရက်အနည်းငယ်အကြာတွင် ပင့်ကူအရှုပ်ခံရ၍ လူနှစ်ဦးသေဆုံးခဲ့ပြီး မြို့တော်ဆေးရုံသို့လည်း ပင့်ကူအရှုပ်ခံရသူလူနာများ ရောက်ရှိခဲ့ရကြောင်းသိရသည်။

ယင်းဖြစ်ရပ်ကြောင့် ဒေသန္တရအာဏာပိုင်များမှာလည်း စိုးရိမ်ထိတ်လန့်ခဲ့ရပြီး မြို့လုံးအနှံ့ ဒီဒီတီပိုးသတ်ဆေးများ ဖျန်းပက်ရန် သုံးသပ်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အုပ်လိုက်သင်းလိုက် ပေါ်ထွက်လာသော အဆိုပါ ပင့်ကူများသည် လွန်စွာရန်လိုသည့် အပြုအမူမျိုးရှိပြီး အနီးအနားကပ်လာသူမှန်သမျှပေါ်သို့ ခုန်တက်ရန်မူတတ်ကြောင်း ဒေသခံများက ပြောကြားသည်။

ပင့်ကူများအား အမျိုးအစားခွဲနိုင်ရေးအတွက် အိန္ဒိယ



ပင့်ကူကျွမ်းကျင်သူများ ဆာဒီယာမြို့သို့ လာရောက်ခဲ့သော်လည်း တိကျသည့် အဖြေမျိုးထုတ်ဖော်နိုင်ခြင်းမရှိသေးပေ။

အာသံပြည်နယ်၌ အဆိပ်ရှိသောပင့်ကူမျိုးစိတ်များ ရှင်သန်ကျက်စားသည့် မှတ်တမ်းမရှိခြင်းကြောင့် ယင်းပင့်ကူများသည် ဒေသန္တရမျိုးစိတ်များမဖြစ်နိုင်ကြောင်း အိန္ဒိယပင့်ကူကျွမ်းကျင်သူများက ပြောကြားသည်။

***အင်တာနက်။***



# ကမ္ဘာ့ကင်ဆာဖြစ်ပွားနှုန်း ၂၀၃၀ ခုနှစ်တွင်မြင့်တက်လာနိုင်

**လိုင်ယွန် ဇွန် ၃**

အခြားရောဂါဘယအများအပြား ကွယ်ပျောက်လာမှုကြောင့် လည်းကောင်း၊ ကင်ဆာရောဂါဖြစ်ပွားမှုနှင့် ဆက်နွှယ်သည့် အနောက်နိုင်ငံများ၏ လူနေမှုပုံစံများအား ဖွံ့ဖြိုးဆဲနိုင်ငံများက ပိုမိုကျင့်သုံးလာကြခြင်းကြောင့် လည်းကောင်း တစ်ကမ္ဘာလုံးဆိုင်ရာ ကင်ဆာရောဂါဖြစ်ပွားမှုနှုန်းသည် ၂၀၃၀ ခုနှစ်တွင် ၇၅ ရာခိုင်နှုန်း တိုးမြင့်လာမည်ဖြစ်ကြောင်း ဇွန် ၂ ရက်သတင်းများတွင် ဖော်ပြသည်။

ကမ္ဘာ့လူဦးရေ တိုးပွားလာမှုနှင့် အသက်အရွယ်ကြီးရင့်မှုတို့သည် ကင်ဆာရောဂါဖြစ်ပွားမှု နှုန်းမြင့်မားလာမည့် အဓိကအကြောင်းရင်းများဖြစ်နိုင်သော်လည်း ဖြစ်ပေါ်လာမည့် ကင်ဆာရောဂါဖြစ်စဉ်အသစ် ငါးပုံတစ်ပုံမှာ ကြိုတင်ကာကွယ်၍ရသော အကြောင်းတရားများကြောင့် ဖြစ်လာနိုင်ကြောင်း သုတေသနပညာရှင်များက ခန့်မှန်းထားသည်။

ကူးစက်ဖြစ်ပွားတတ်သည့် သဘာဝရှိသော သားအိမ်ကင်ဆာ၊ အသည်းနှင့် အူကင်ဆာရောဂါအချို့မှာ ဖြစ်ပွားမှုနှုန်း ကျဆင်းလျက်ရှိကြောင်း သုတေသနပညာရှင်များ က ပြောကြားသည်။

သို့ရာတွင် အရက်သေစာ အလွန်အကျွံသောက်သုံးခြင်း၊ ဆေးလိပ်သောက်ခြင်း၊ ကျန်းမာရေးလှုပ်ရှားမှု အလေ့အထ၊ အဆုတ်ကင်ဆာ၊ အူမကြီးနှင့် ရင်သားကင်ဆာကဲ့သို့သော ကင်ဆာရောဂါများဖြစ်ပွားမှုနှုန်းမှာ မြင့်တက်လာမည်ဖြစ်ကြောင်း သုတေသနပညာရှင်များက မှန်းဆထားသည်။

ကင်ဆာရောဂါနှင့် ပတ်သတ်၍ အနောက်နိုင်ငံများ ပြုလုပ်ခဲ့သည့် အမှားမျိုးထပ်တူပြုလုပ်မှုကို ရှောင်ရှားရန် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် သတိထားသင့်ကြောင်း ကျွမ်းကျင်သူများက သတိပေးခဲ့သည်။

ပြင်သစ်နိုင်ငံ လိုင်ယွန်မြို့ အခြေစိုက် နိုင်ငံတကာ ကင်ဆာရောဂါ သုတေသန အေဂျင်စီ(အိုင်အာရ်အေစီ)မှ သိပ္ပံပညာရှင်များ ပြုလုပ်ခဲ့သည့် သုတေသနရလဒ်များအရ ၂၀၃၀ ခုနှစ်တွင် ကမ္ဘာ့နိုင်ငံပေါင်း ၁၈၅ နိုင်ငံ၌ ကင်ဆာရောဂါဖြစ်စဉ်သစ် ၂၂ ဒသမ ၂ သန်းမျှ ရှိလာနိုင်ကြောင်း ခန့်မှန်းရသည်။

***အင်တာနက်။***



ဆီးရီးယားပြည်တွင်းရေးနှင့် ဆက်နွှယ်၍ အကြမ်းဖက်ပဋိပက္ခများဖြစ်ပွားခဲ့သည့် ထရီပိုလီမြို့၌ ဖြန့်ကြက်ထားသော လက်ဘနွန်စစ်ဘက်သံချပ်ကာကား တစ်စင်းကိုတွေ့ရစဉ်။

# ဆီးရီးယားအရေးနှင့် ဆက်နွှယ်သော အကြမ်းဖက်မှုများ ထိန်းချုပ်ရေး လက်ဘနွန်အစိုးရက တပ်ဖွဲ့များဖြန့်ကြက်

**ထရီပိုလီ ဇွန် ၃**

ဆီးရီးယားပြည်တွင်းရေးနှင့် ဆက်စပ်ဖြစ်ပေါ်ခဲ့သော လက်နက်ကိုင် ပဋိပက္ခများကြောင့် အနည်းဆုံး လူ ၁၀ ဦး သေဆုံးခဲ့ရသည့် ထရီပိုလီဆိပ်ကမ်းမြို့သို့ လက်ဘနွန်အစိုးရက တပ်ဖွဲ့ဝင်များ စေလွှတ်ခဲ့ရကြောင်း ဇွန် ၂ ရက်သတင်းများတွင် ဖော်ပြသည်။

အကြမ်းဖက်ပဋိပက္ခများအား တားဆီးရန် ထရီပိုလီမြို့သို့ လက်ဘနွန်ဝန်ကြီးချုပ် နာဂျစ်ဘ်မီကာတီ လာရောက်ခဲ့ပြီးနောက် ယင်းမြို့၌ လက်ဘနွန်အစိုးရတပ်ဖွဲ့ဝင်များကို ဖြန့်ကြက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆီးရီးယားနိုင်ငံ၌ ဖြစ်ပွားနေသော ဂိုဏ်းစွဲ၊ ဂဏစွဲအခြေခံ အကြမ်းဖက်မှုများ နယ်စပ်ကို ကျော်လွန်၍ အိမ်နီးချင်းနိုင်ငံများသို့ပါ ကူးစက်သွားနိုင်ကြောင်း ကုလသမဂ္ဂ ငြိမ်းချမ်းရေးသံကိုယ်စားလှယ် ကိုဖီအန်နန်က သတိပေးခဲ့ပြီးနောက် လက်ဘနွန်နိုင်ငံ ထရီပိုလီမြို့တွင် တိုက်ခိုက်မှုများ ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

လက်ဘနွန်တပ်မတော်နှင့် ပြည်တွင်းလုံခြုံရေးတပ်ဖွဲ့များသည် ထရီပိုလီမြို့၌ ဖြစ်ပွားနေသော အကြမ်းဖက်ပဋိပက္ခများ ရပ်ဆိုင်းရေးအတွက် လိုအပ်သည့်နည်းလမ်းမှန်သမျှ အသုံးပြုကာ မှုမှုတတဆောင်ရွက်ရမည်ဖြစ်ကြောင်း လက်ဘနွန်ဝန်ကြီးချုပ်ရုံးကထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြထားသည်။

ထရီပိုလီမြို့တော် လမ်းမများပေါ်တွင် လက်ဘနွန်စစ်ဘက်၏ သံချပ်ကာယာဉ်များအား တွေ့ရှိရသော်လည်း ပစ်သံခတ်သံများ မကြားရကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

ဆွန်နီမွတ်စလင် အများစုနှင့် ဆီးရီးယားအစိုးရကို လိုလားသူများ နေထိုင်ရာ ထရီပိုလီမြို့တော် ဘက်အယ်လ်တက်ဘာနာခရိုင်၌ ပဋိပက္ခများဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

***အင်တာနက်။***

# ယခုနှစ်တွင် အိန္ဒိယနိုင်ငံသို့ မုတ်သုံရာသီအဝင်နောက်ကျနေ

**ဒေလီ ဇွန် ၃**

အာရှတိုက်၏ တတိယအကြီးဆုံး စီးပွားရေးအင်အားရှင်နိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံ၌ နိုင်ငံဖွံ့ဖြိုးရေးနှင့် တောင်သူလယ်သမားများအတွက် အရေးပါသည့် မုတ်သုံရာသီသည် ယခုနှစ်အတွင်း အဝင်နောက်ကျလျက်ရှိကြောင်း ဇွန် ၂ ရက်သတင်းများတွင် ဖော်ပြသည်။

သို့ရာတွင် ကာရာလာပြည်နယ်သို့ ဇွန် ၅ ရက်၌ မုတ်သုံရာသီကျရောက်လာမည့် အလားအလာများပြားကြောင်း အိန္ဒိယမိုးလေဝသဌာန ညွှန်ကြားရေးမှူးချုပ်က သတင်းဌာနများအား ပြောကြားခဲ့သည်။

ပုံမှန်အားဖြင့် ဇွန် ၁ ရက်မှ စက်တင်ဘာလ နှောင်းပိုင်းအထိ အိန္ဒိယတိုက်ငယ်တစ်ဝန်း မုတ်သုံရာသီ ကျရောက်ကာ မိုးရွာသွန်းလေ့ရှိသည်။ အိန္ဒိယနိုင်ငံ၏ အနောက်တောင်မုတ်သုံရာသီ ကျရောက်မှုဖြစ်စဉ်သည် မကြာသေးမီနှစ်များမှစ၍ ပုံမှန်ထက်စောစီးစွာ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

မုတ်သုံရာသီအဝင် နောက်ကျမှုနှင့်ပတ်သက်၍ စိုးရိမ်ရန်မရှိကြောင်း၊ အိန္ဒိယနိုင်ငံကမ်းလွန် အာရေဗီးယန်းပင်လယ်အတွင်း ဖြစ်ပေါ်နေသော ထူးကဲရာသီဥတုအခြေအနေတစ်ရပ်ကြောင့် အဝင်နောက်ကျနေခြင်းဖြစ်ကြောင်း အိန္ဒိယမိုးလေဝသဌာနက ပြောကြားခဲ့သည်။

အိန္ဒိယလယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက် လိုအပ်သောရေအရင်းအမြစ် ၆၀ ရာခိုင်နှုန်းကို မုတ်သုံမိုးမှ ရရှိနေခြင်းဖြစ်ရာ မုတ်သုံရာသီအခြေအနေမကောင်းပါက ၂၃၅ သန်းမျှသော အိန္ဒိယလယ်သမားများအတွက် ဘဏ္ဍာရေးကပ်ဆိုက်မှုဖြစ်လာနိုင်သည်။

အမေရိကန်ဒေါ်လာ နှစ်ထရီလီယံနီးပါးရှိသော အိန္ဒိယနိုင်ငံ၏ နှစ်စဉ်စီးပွားရေး၌ လယ်ယာစိုက်ပျိုးရေး ကဏ္ဍပါဝင်မှုမှာ ၁၉၉၀ ခုနှစ် အစောပိုင်းကာလမှစ၍ ၃၀ ရာခိုင်နှုန်းမှ ၁၄ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သည်။ သို့ရာတွင် အိန္ဒိယနိုင်ငံ၏ စီးပွားရေးအတွက် မုတ်သုံရာသီကို မရှိမဖြစ်လိုအပ်နေဆဲဖြစ်သည်။ ***အင်တာနက်။***

# ဗြိတိသျှပါလီမန်အဆောက်အအုံ၏ ဘစ်ဘင်နာရီစင်ကြီးအား အမည်ပြောင်းမည်

**လန်ဒန် ဇွန် ၃**

ဗြိတိန်ဘုရင်မကြီး နန်းဘိသိက်ခံယူမှုစိန်ရတုပွဲကို ဂုဏ်ပြုသည့်အနေဖြင့် ဗြိတိသျှပါလီမန်အဆောက်အအုံ၏ နာမည်ကျော် ဘစ်ဘင်နာရီစင်ကြီး**(ယာပုံ)**အား အဲလိဇဘတ်မျှော်စင်ဟူ၍ နာမည်ပြောင်းမည်ဖြစ်ကြောင်း ဇွန် ၁ ရက်သတင်းများတွင် ဖော်ပြထား သည်။

အဲလိဇဘတ်ဘုရင်မကြီး၏ နန်းဘိသိက်ခံယူမှု နှစ်ခြောက်ဆယ် ပြည့်အထိမ်းအမှတ်အား ဂုဏ်ပြုသည့်အနေဖြင့် ဘစ်ဘင်နာရီစင်ကြီးအား နာမည်ပြောင်းရေး လှုပ်ရှားမှုကို ထောက်ခံခဲ့သော ဗြိတိသျှလွှတ်တော်အမတ် ၃၃၁ ဦးရှိပြီး ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်လည်း အပါအဝင်ဖြစ်သည်။

ဗြိတိသျှပါလီမန်လွှတ်တော်အဆောက်အအုံ၏ ဘစ်ဘင်နာရီစင်ကြီးအား အဲလိဇဘတ်မျှော်စင်ဟူ၍ အမည်ပြောင်းမည့် အဆိုပြုချက်ကို အများစုက ထောက်ခံကြောင်း ဂါဒီယန်သတင်းစာတွင် ဖော်ပြထားသည်။

ဗြိတိသျှ မင်းဆက်ရာဇဝင်တွင် နန်းဘိသိက်ခံယူမှု နှစ်ခြောက်ဆယ်ပြည့် စိန်ရတုပွဲ ပထမဆုံးကျင်းပနိုင်ခဲ့သော ဝိတိုရိယဘုရင်မအား ဂုဏ်ပြုသည့်အနေဖြင့် ဗြိတိသျှ ပါလီမန်အဆောက်အအုံ၏ အခြားမျှော်စင်တစ်ခုကို ဝိတိုရိယမျှော်စင်ဟူ၍ ၁၈၉၇ ခုနှစ်တွင် အမည်ပေးခဲ့ဖူးသည်။

အမြင့်ပေ ၃၁၆ ပေရှိ ဘစ်ဘင်နာရီစင်ကို ယခင်က ကလော့ခ်တာဝါ(နာရီမျှော်စင်)ဟူ၍ သိရှိခဲ့ကြသော်လည်း ယင်းနာရီစင်မှ ထွက်ပေါ်သည့် နာရီအချက်ပေးသံအား အစွဲပြု၍ ဘစ်ဘင်နာရီစင်ဟူ၍ ခေါ်ဝေါ်ခဲ့ကြသည်။

၁၉ ရာစု ဂိုသစ် ဗိသုကာ လက်ရာ ဗြိတိသျှ ပါလီမန်လွှတ်တော်၏ နာမည်ကျော် နာရီစင်ကြီးအား ဘစ်ဘင်နာရီစင်ဟူ၍ ယခင်အတိုင်း ဆက်လက်ခေါ်ဆိုခွင့် ရှိမည်ဖြစ်သော်လည်း ယင်းနာရီစင်၏ တရားဝင်အမည်အဖြစ် အဲလိဇဘတ်မျှော်စင်ဟူသောအမည်ကို အသုံးပြုမည်ဖြစ်သည်။

***အင်တာနက်။***



**❂ရှေ့ဖုံးမှ**

တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက အမှာစကား ပြောကြားရာတွင် ၂၀၀၉ ခုနှစ်မှ စတင်ပြီး အားကစားနှင့် ပညာရေးပေါင်းစပ်မှု ကော်မတီဖွဲ့စည်း၍ တက္ကသိုလ်များ၌ အားကစားလှုပ်ရှားမှုများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ်တွင် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည်ဖြစ်ရာ အားကစားကွင်းများကို နိုင်ငံတကာအဆင့်မီအောင် အဆင့်မြှင့်တင်ပေးရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် တင်းနစ်အားကစားပြိုင်ပွဲကို တက္ကသိုလ်တင်းနစ် အားကစားကွင်း၌ ကျင်းပရန် လျာထားကြောင်း၊ တက္ကသိုလ်များတင်းနစ်အားကစားကွင်းကို နိုင်ငံတကာအဆင့်မီဖြစ်အောင် အားကစားဝန်ကြီးဌာနက ပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲကျင်းပပြီးစီးပါက အဆိုပါ တင်းနစ်ကွင်းများကို ပညာရေးဝန်ကြီးဌာနသို့ စနစ်တကျပြန်လည်လွှဲပြောင်းပေးအပ်မည်ဖြစ်ပြီး ပညာရေးဝန်ကြီးဌာနက စနစ်တကျပြန်လည်လက်ခံကာ အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲတွင် ဆက်လက်အသုံးပြုနိုင်မည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဉာဏ်ရည်မြင့်မားသည့် အားကစားသမားများလိုအပ်ရာ တက္ကသိုလ်အသီးသီးမှ အားကစားသမားများကို အားကိုးရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်များ တင်းနစ်အားကစားကွင်းများ ပြုပြင်မွမ်းမံခြင်းကို အားကစားဝန်ကြီးဌာနက ကူညီပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ တက္ကသိုလ်များ တင်းနစ်အားကစားကွင်းများကို အဆင့်မီ တင်းနစ်အားကစားကွင်းဖြစ်အောင် ပြုပြင်ရန် ရည်ရွယ်ထားကြောင်း၊ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပပြီးစီးပါက ပညာရေးဝန်ကြီးဌာနသို့ ပြန်လည်ပေးအပ်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဦး၊ ဒဂုံတက္ကသိုလ်ပါမောက္ခချုပ် အငြိမ်းစား ဦးကျော်မြင့်ဦးနှင့် ရန်ကုန်နိုင်ငံခြားဘာသာသိပ္ပံကျောင်းအုပ်ကြီး အငြိမ်းစား ဦးစိုင်းအောင်ထွန်း၊ ရန်ကုန်တက္ကသိုလ်တာဝန်ခံပါမောက္ခချုပ် အငြိမ်းစား ဒေါက်တာထွန်းခင်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခိုင်မြ၊ ရန်ကုန်အဝေးသင်တက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဦးလှတင့်၊ ဒဂုံတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာလှငွေးနှင့် ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်မင်းတို့က ဆွေးနွေးအကြံပြုကြသည်။

အဆိုပါဆွေးနွေးပွဲ ဆုံးဖြတ်ချက်များအရ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် တင်းနစ်အားကစားပြိုင်ပွဲ ကျင်းပရန်အတွက် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)၏ ကြီးကြပ်မှုအောက်ရှိ တက္ကသိုလ်များ တင်းနစ်အားကစားကွင်းကို အားကစားဝန်ကြီးဌာနက နိုင်ငံတကာအဆင့်မီ တင်းနစ်အားကစားကွင်းများအဖြစ် အဆင့်မြှင့်ပြုပြင်အသုံးပြုရန်နှင့် အဆိုပါတင်းနစ်အားကစားကွင်းများကို အားကစားဝန်ကြီးဌာနမှ ပညာရေးဝန်ကြီးဌာနသို့ စနစ်တကျပြန်လည်လွှဲပြောင်းပေးအပ်မည့် အစီအစဉ်ကို လက်ခံဆောင်ရွက်ရန် သဘောတူညီကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မုတ်သုံလေ ဆက်လက်အားကောင်းမည်

နေပြည်တော် ဇွန် ၃

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** သံတွဲမြို့တွင် ၅ ဒသမ ၈၃ လက်မ၊ မာန်အောင်မြို့တွင် ၅ ဒသမ ၀၈ လက်မ၊ ကျောက်ဖြူမြို့ တွင် ၃ ဒသမ ၉၈ လက်မ၊ ငါးသိုင်းချောင်းမြို့တွင် ၃ ဒသမ ၈၆ လက်မနှင့် ရန်ကုန်(ကမ္ဘာအေး)တွင် ၃ ဒသမ ၄၃ လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိတိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

မုတ်သုံလေ ဆက်လက်အားကောင်းမည်။



**၁၉၉၄-၁၉၉၅ စီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း၏ (၂၁)အကြိမ်မြောက် စီးပွားရေးပညာရပ်ဆိုင်ရာ ဆွေးနွေးဟောပြောပွဲကို နေပြည်တော်ရှိ Mount Pleasant Hotel ဥတ္တရသီရိခန်းမ၌ ကျင်းပစဉ်။** (သတင်းစဉ်)

# ၁၉၉၄-၁၉၉၅ စီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း၏ (၂၁)ကြိမ်မြောက် စီးပွားရေးပညာရပ်ဆိုင်ရာ ဆွေးနွေးဟောပြောပွဲကျင်းပ

**နေပြည်တော် ဇွန် ၃**

၁၉၉၄-၁၉၉၅ စီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း၏ (၂၁) ကြိမ်မြောက် စီးပွားရေးပညာရပ်ဆိုင်ရာ ဆွေးနွေးဟောပြောပွဲကို ယနေ့ညနေ ၃ နာရီခွဲက နေပြည်တော်ရှိ Mount Pleasant Hotel ဥတ္တရသီရိခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အသင်းဥက္ကဋ္ဌ ဦးသက်ဦးက အဖွင့်အမှာစကားပြောကြားပြီး အသင်းဝင်ဖြစ်သူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားရေးမှူးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းမြင့်ဝေက "အာဆီယံစီးပွားရေးအသိုက်အဝန်းဆိုင်ရာ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ" (Opportunities & Challenges of ASEAN Economic Community) ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောသည်။

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှု အစီရင်ခံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်ဝါဝါမောင်က "သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ၏ အရေးပါမှုကို စီးပွားရေးရှုထောင့်မှ လေ့လာသုံးသပ်ခြင်း" (Environmental Preservation Economic Perspective) ခေါင်းစဉ်ဖြင့် သဘာဝပတ်ဝန်းကျင် ယိုယွင်းလာခြင်းနှင့် အကြောင်းရင်းများ၊ အကျိုးဆက်များနှင့် နောက်ဆက်တွဲပြဿနာများ ဖြစ်ပွားလာမှု၊ သဘာဝပတ်ဝန်းကျင်နှင့် လူ့အဖွဲ့အစည်းဆက်စပ်နေမှု၊ ကမ္ဘာတစ်ဝန်းတွင် ကျောက်မီးသွေး၊ သဘာဝဓာတ်ငွေ့၊ ရေနံစသည့် သဘာဝသယံဇာတများ နှစ်အလိုက်တိုးတက် သုံးစွဲလာမှု၊ ကမ္ဘာ့လူဦးရေ တိုးတက်မှု၏ နောက်ဆက်တွဲဖြစ်စဉ်များ၊ လူဦးရေတိုးပွားလာမှုနှင့် လူနေမှုပုံစံပြောင်းလဲလာမှု၊ စားနပ်ရိက္ခာရှားပါးလာမှု ၊ စွမ်းအင်မလုံလောက်မှု၊ ရာသီဥတုဖောက်ပြန်လာမှုနှင့် ဆင်းရဲနွမ်းပါးလာမှု၊ သစ်တောသစ်ပင်များ ထိန်းသိမ်းရေးနှင့် ပြုစုပျိုးထောင်ရေး၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ သုံးစွဲရေး၊ ဂေဟစနစ်ကို ထိခိုက်ပျက်စီးစေမှုများနှင့် ပြန်လည်တုံ့ပြန်ဆောင်ရွက်ရန် လိုအပ်ချက်များကို စီးပွားရေးရှုထောင့်မှ သုံးသပ်ဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာကြသည့် အသင်းဝင်များက ဆွေးနွေးဟောပြောချက်များနှင့် ပတ်သက်ပြီး သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြသည်။

၁၉၉၄-၁၉၉၅ စီးပွားရေးတက္ကသိုလ်ဘွဲ့ရများ အသင်းအနေဖြင့် စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲများကို ရန်ကုန်မြို့တွင် ရက်သတ္တ နှစ်ပတ်လျှင်တစ်ကြိမ် ကျင်းပလျက်ရှိပြီး နေပြည်တော်တွင် ယခုပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်သည်။

လာမည့်ဇွန် ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ကို ကြိုဆိုသောအားဖြင့် ယခုဆွေးနွေးဟောပြောပွဲကို ကျင်းပခြင်းဖြစ်ပြီး အစိမ်းရောင်စီးပွားရေး (Green Economy) တွင် မိမိတို့အသင်းမှ စီးပွားရေးဘွဲ့ရများအနေဖြင့် မည်သို့ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည်ကို သိရှိနားလည်လာစေရန် ရည်ရွယ်ပါကြောင်းဖြင့် အသင်းဥက္ကဋ္ဌ ဦးသက်ဦးက ပြောကြားခဲ့သည်။ (သတင်းစဉ်)

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ



**အစ္စရေး ရေတပ်မှ ဒေါ်လ်ဖင် အမျိုးအစား ရေငုပ်သင်္ဘော တစ်စင်းကို တွေ့ရစဉ်။**

# အစ္စရေးက ရေငုပ်သင်္ဘောများတွင် နျူလက်နက်များ တပ်ဆင်နေပြီဟုဆို

**ဘာလင် ဇွန် ၃**

အစ္စရေးနိုင်ငံသည် ဂျာမနီနိုင်ငံကထောက်ပံ့သော ရေငုပ်သင်္ဘောများတွင် နျူကလီးယားထိပ်ဖူးတပ် ကွန်ပျူတာပဲ့ထိန်းဒုံးကျည်များတပ်ဆင်လျက်ရှိကြောင်း ဂျာမန်မဂ္ဂဇင်း ဒါစပီးဂဲလ်က တနင်္ဂနွေနေ့တွင် ဖော်ပြထားသည်။

အဆိုပါမဂ္ဂဇင်းမျက်နှာဖုံးသတင်းတွင် ဂျာမနီနိုင်ငံ၌ ယင်းပြဿနာကို စတင်ဆွေးနွေးဖွယ်ရှိသည်ဟု ရေးသားထားသည်။ ဘာလင်ကမူ ယခုအချိန်ထိ ယင်းကိစ္စကို မသိရှိကြောင်း ငြင်းဆိုထားသည်။

အစ္စရေးနိုင်ငံသည် အရှေ့အလယ်ပိုင်းတွင် ကြေညာထားခြင်းမရှိသည့် တစ်နိုင်ငံတည်းသော နျူကလီးယား လက်နက်ပိုင်ရှင်ဖြစ်သည်။

သို့သော် အစ္စရေးသည် ဒေါ်လ်ဖင်အမျိုးအစား ရေငုပ်သင်္ဘောများတွင် နျူကလီးယားထိပ်ဖူးများတပ်ဆင်ထားသည်ဟု ဂျာမနီအစိုးရက အစဉ်အမြဲယူဆထားကြောင်း ဂျာမန်ကာကွယ်ရေးဝန်ကြီးဌာနမှ အငြိမ်းစား အဆင့်မြင့်အရာရှိကြီးတစ်ဦးက ယင်းမဂ္ဂဇင်းကို ပြောကြားခဲ့သည်။

လပေါင်းများစွာ စုံစမ်းလေ့လာပြီးနောက် ဘာလင်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ စာရွက်စာတမ်းများကို ကိုးကား၍ ရေးသားသော ယင်းသတင်းဆောင်းပါးတွင် အနောက်ဂျာမနီနိုင်ငံသည် ၁၉၆၁ ခုနှစ်ကာလများကတည်းကပင် အစ္စရေးတို့၏ လုပ်ရပ်ကို သတိထားမိသည်ဟု ဆိုသည်။

ဂျာမနီနိုင်ငံသည် အစ္စရေးနိုင်ငံကို ရေငုပ်သင်္ဘောသုံးစင်း ထောက်ပံ့ပြီးဖြစ်သည်။ မကြာသေးမီက နှစ်နိုင်ငံ လက်မှတ်ရေးထိုးခဲ့သော ကန်ထရိုက်စာချုပ်အရ ၂၀၁၇ခုနှစ်တွင် နောက်ထပ်သုံးစင်း ပေးပို့မည်ဖြစ်သည်။ **အင်တာနက်။**

# ဂါနာနိုင်ငံမြို့တော်လေဆိပ်တွင် လေယာဉ်နှင့် ဘတ်စ်ကားတိုက်မိ ၁၀ ဦးထက်မနည်းသေဆုံး



**အက္ကရာ ဇွန် ၃**

ဂါနာနိုင်ငံ မြို့တော်အက္ကရာရှိ လေဆိပ်တွင် ကုန်တင်လေယာဉ်တစ်စင်း လေဆိပ်သို့အဆင်း၌ လေယာဉ်ပြေးလမ်းမှ ချော်ထွက်ကာ မြေပြင်ပေါ်မှ ဘတ်စ်ကားတစ်စီးနှင့်တိုက်မိရာ ၁၀ ဦးထက်မနည်းသေဆုံးကြောင်း၊ လေယာဉ်ပေါ်ပါ အမှုထမ်းများ အသက်ရှင်ကျန်ရစ်ကြောင်း သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

ဘိုးရင်း-၇၂၇ ကုန်တင်လေယာဉ်နှင့်တိုက်မိသော ဘတ်စ်ကားမှာ ဆိုးရွားစွာပျက်စီးသွားကြောင်း၊ အခင်းဖြစ်ပွားရာနေရာသို့ ရဲတပ်ဖွဲ့ဝင်များ၊ ကယ်ဆယ်ရေးသမားများ ရောက်ရှိလာပြီး ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

အဆိုပါလေယာဉ်သည် နိုင်ဂျီးရီးယားနိုင်ငံ လာဂို့စ်မြို့မှ ဂါနာနိုင်ငံ အက္ကရာမြို့သို့ ပျံသန်းလာခြင်းဖြစ်ပြီး ပျံသန်းရေးခရီးစဉ်အမှတ် ဒီအိပ်ချ်ဗွီ ၁၁၁ ဖြစ်ကြောင်း၊ ဇွန် ၂ ရက် ဒေသစံတော်ချိန် ည ၇ နာရီ ၁၀ မိနစ်က လေယာဉ်ဆင်းသက်စဉ် ပြေးလမ်းကို ကျော်လွန်သွားခြင်းဖြစ်ကြောင်း ဂါနာလေဆိပ်မှ ဝန်ထမ်းများက အတည်ပြုပြောကြားသည်။

လေယာဉ်ပေါ်တွင် လေယာဉ်အမှုထမ်းလေးဦး လိုက်ပါလာပြီး လေဆိပ်ဆေးခန်းတွင် ဆေးဝါးကုသလျက်ရှိကြောင်း၊ လေယာဉ်နှင့် တိုက်မိသောဘတ်စ်ကားပေါ်ပါ ခရီးသည် ၁၀ ဦးစလုံး သေဆုံးကြောင်း သိရသည်။

**အင်တာနက်။**




**ဂါနာနိုင်ငံ မြို့တော် လေဆိပ်တွင် ဆင်းသက်စဉ် ဘတ်စ်ကားနှင့် တိုက်မိခဲ့သည့် ကုန်တင် လေယာဉ်ကို တွေ့ရစဉ်။**

# နယုန်လပြည့် မဟာသမယအခါတော်နေ့

## ပန်းတောင်းသန်းကြွယ်

မြန်မာ့တစ်ဆယ့်နှစ်လတွင် နယုန်လသည် တတိယမြောက် လဖြစ်သည်။ ပုဂံခေတ် ကျောက်စာများတွင် နယုန်ကို နံယုန်ဟု ရေးသည်။ နံမျှန်ဟူသော အရေးအသားကို အင်းဝခေတ်ကျောက်စာအချို့တွင် တွေ့ရသည်။ ဝေါဟာရ လိနတ္ထဒီပနီကျမ်းတွင် "နရယုဂသဒ္ဒါပျက်၍ နယုန်ဖြစ်သည်ဟု ယူရန်ရှိသည်။ နရယုဂအနက်အဓိပ္ပာယ်မှာ မိန်းမယောကျ်ားအစုံကို ဆိုလိုသည်" ဟူ၍ ဖော်ပြထားသည်။ နယုန်လ၏ရာသီရုပ်မှာ ယောကျ်ားမိန်းမရုပ်များ ဖြစ်သည်။

နံယုန်ဟု ရေးသားသုံးစွဲရာတွင် နံပုဒ်သည် "အချိန်၊ အခါ၊ ကာလ"ဟု အဓိပ္ပာယ်ရသည်။ ယုန်ပုဒ်ကား " ယိုကျ၊ စီးကျ၊ ရွာကျ" ဟု အဓိပ္ပာယ်ရသည်။ နံယုန်ဟု နှစ်ပုဒ်ပေါင်းလိုက်သောအခါ မိုးရွာချိန်လဟု အဓိပ္ပာယ်ထွက်သည်။ နယုန်လကို ဗေဒင်အခေါ်အားဖြင့် မေထုန်ရာသီဟု ခေါ်သည်။ ထိုရာသီတွင် ဇေဋ္ဌနက္ခတ်နှင့် လမင်းသည် ယှဉ်ပြိုင်ကာထွန်းလင်း၏။ မိဂသီနက္ခတ်နှင့် နေမင်းသည်လည်း ယှဉ်ပြိုင်ထွန်းလင်းကြသည်။

နယုန်လ၏ ရာသီပန်းကား စံပယ်မြတ်လေးပန်းဖြစ်သည်။ ရှေးမြန်မာမင်းများ ရှိစဉ်အခါက နယုန်လတွင် စာတော်ပြန်ပွဲများ ကျင်းပပြုလုပ်လေ့ရှိသည်။ ဦးအောင်ကြီး၏ အင်းဝမြို့ဘွဲ့ ၁၂ လရာသီလူးတား နယုန်လဘွဲ့တွင် အောက်ပါအတိုင်း တွေ့ရှိရသည်-

သာစွလေ။ ။ ညောင်ရေသဘင်၊ ပွဲစဲလျှင်ကား၊
ကောင်းကင်မိုးလ၊ ကြယ်ဇေဋ္ဌနှင့်
ပြည့်ဝစင်ကြယ်၊
စံပယ်မြတ်လေး၊ ပင်တိုင်းမွှေး၍
ထွေးထွေးမောင်းနီ၊ ညွန့်ချင်းစီ၍
ရာသီမေထုန်၊ လနယုန်မူ
မြူးခုန်ပျော်ရွှင်၊ မိုးလုလင်လည်း
ရွာချင်ခြိမ့်မျှ၊ ရေငန်းပြလျက်
သီလသမ္မာ၊ မြတ်သံဃာတို့
သဒ္ဓါရှစ်စုံ၊ သုံးပုံပိဋကတ်
ရုပ်ဓာတ်ပြည့်ညွန်း၊ အခန်းခန်းကို
ရွှေနန်းတော်တောင်၊ မြတ်မာရ်အောင်ဝယ်
မြားမြောင်စုဝေး၊ စာမေးသဘင်
မွမ်းမွမ်းပြင်သည်၊ လူရှင်ရပ်ထက်ဝန်း
တည့်လေ။
ပွင့်လင်းစည်သည်၊ ရွှေပြည်ရွှေဝနန်း
တည့်လေ။

နယုန်လတွင် မိုးသေးမိုးဖွဲများ စတင်ရွာသွန်းသည်။ ရှေးတောင်သူဦးကြီးတို့က " နယုန်မိုးသေး၊ မြက်သားမွေး" ဟု စာချိုးကြသည်။ နယုန်လ၏ မိုးသေးမိုးဖွဲများကြောင့် ခေါင်းပြူလာကြသည့် မြက်နုကလေးများသည် စိမ်းစိမ်းစိုစို ဖြစ်လာကြသည်။ အချို့နှစ်များတွင်မူ လယ်ယာချောင်းမြောင်း အင်းအိုင်များ ရေလျှံအောင် မိုးကြီးတတ်သည်။ ထို့ကြောင့် စိန္တကျော်သူဦးဩက "နယုန်ဝါလ ကြိုကြပျိုးထောင်၊ ဝါခေါင်သစ်ဆင်း နှစ်လတွင်းမူ၊ ဆင်းကြယာလယ် တောင်သူမယ်တို့" ဟု မဟာအဓိကရကန်တော်တွင် မော်ကွန်းတင်ရေးစပ်ခဲ့သည်။

ဗုဒ္ဓဘာသာဝင်တို့အနေဖြင့် နယုန်လပြည့်နေ့ကို "မဟာသမယအခါတော်နေ့" အဖြစ်သတ်မှတ်ကြသည်။ ကပိလဝတ်ပြည်နှင့် ကောလိယပြည်တို့သည် လယ်သမားများစိုက်ပျိုးရေလုယူရာမှစ၍ အဆင့်ဆင့်ရန်ပွဲကြီးဖြစ်ကာ နှစ်ပြည်ထောင်တို့ စစ်ခင်းကြမည့်အခြေအနေသို့ ဆိုက်ရောက်ခဲ့သည်။ ဂေါတမ ဘုရားရှင်သည် ဖန္ဒနဇာတ်၊ ပထဝီ ဥန္ဒြိယဇာတ်၊ လဋုကိက ဇာတ်တို့ကို ဟော၍ ခိုက်ရန်ကိုငြိမ်းအေးစေသည်။ ရုက္ခဓမ္မဇာတ်၊ ဝဋ္ဋကဇာတ်တို့ကို ဟောပြ၍ စည်းလုံးညီညွတ်ရေးကို ရရှိစေခဲ့သည်။

နှစ်ပြည်ထောင်တို့သည် သွေးချောင်းစီးမည့်အရေးမှ ကယ်တင်သောဘုရားရှင်ကို ကျေးဇူးတင်လွန်း၍ တစ်ဖက်လျှင် ၂၅၀ စီဖြင့် မင်းသားငါးရာ သာသနာ့ဘောင်သို့ သွတ်သွင်းကာ ဘုရားရှင်အား ဝန်းရံလုပ်ကျွေးစေသည်။ ထိုရဟန်းငယ်များသည် ဇနီးမယားတို့ကို အောက်မေ့တမ်းတသတိရပြီး သာသနာ့ဘောင်ဝယ် မပျော်မွေ့နိုင်ဘဲရှိနေသဖြင့် ဘုရားရှင်က ဂါထာသုံးရာဖြင့် တန်ဆာဆင်အပ်သော ကုဏာလဇာတ်တော်ကို ဟောပြ၍ရဟန်းငါးရာလုံးအား သောတာပန်တည်စေခဲ့သည်။

ဘုရားရှင်သည် ကုဏာလရေအိုင်မှ ကပိလဝတ်ပြည်အနီး မဟာဝုန်တောကြီးသို့ ပြန်ကြွတော်မူသည်။ လိုက်ပါလာသော ရဟန်းငါးရာတို့သည် မဟာဝုန်တောကြီးထဲ၌ ဆက်လက်တရားအားထုတ်ကြရာ အားလုံးရဟန္တာဖြစ်တော်မူကြသည်။ ရဟန္တာငါးရာတို့သည် ဘုရားဖူးရန်နှင့် မိမိတို့ရရှိထားသော တရားထူးကို လျှောက်ထားရန် နယုန်လပြည့်နေ့ ညချမ်းအချိန်၌ ဘုရားရှင်ရှေ့တော်မှောက် စုဝေးရောက်ရှိလာကြကုန်သည်။ ထိုကဲ့သို့ ထူးကဲသော သံဃာ့အစည်းအဝေးကြီးကို ဖူးမြော်ကြည်ညိုလိုကြသော နတ်၊ ပြဟ္မာ၊ အသူရာ၊ နဂါး၊ ဂဠုန် တို့သည် မဟာဝုန်တောကြီးသို့ အုပ်စုလိုက် အုပ်စုလိုက် စုရုံးရောက်ရှိလာကြလေသည်။

မဟာဝုန်တောဝန်းကျင်ဝယ် စကြဝဠာတိုက်တစ်သောင်းမှ နတ်ပြဟ္မာတို့ဖြင့် ပြည့်ကျပ်လျက်ရှိသည်။ အပ်ဘူးထဲမှာ အပ်တွေ အပြည့်အသိပ်ထည့်ထားသလို ရှိသည်ဟု ဥပမာပြုကြသည်။ သားမြီးဖျားတစ်ထောက် စာလောက်နေရာလေးမှာ နတ်ပြဟ္မာဆယ်ဦး၊ အချို့နေရာနှစ်ဆယ်၊ အချို့နေရာသုံးဆယ်၊ အချို့နေရာတွင် ခြောက်ဆယ်အထိ ခန္ဓာကိုယ် မှုန်မှုန်မွှားမွှား ကလေးများ ဖြစ်အောင်ဖန်ဆင်းပြီးနေကြရသည်ဟု ဆိုသည်။ နယုန်လပြည့်နေ့၌ နတ်ပြဟ္မာများ ထိုကဲ့သို့ စုရုံးစည်းဝေးကြသောအခါကို "မဟာသမယ" ဟု ခေါ်ခြင်းဖြစ်သည်။

ထိုနတ်သဘင်အစည်းအဝေး၌ ဘုရားရှင်က နတ်ပြဟ္မာတို့၏ အမည်နာမအမျိုးမျိုးကို ထုတ်ဖော်မြွက်ကြား နှုတ်ခွန်းဆက်သသောစကားတော်များကို "မဟာသမယသုတ်" ဟုခေါ်သည်။

ဘုရားရှင်နှင့်ရဟန္တာငါးရာတို့အား ဖူးမြော်ရန်အတွက် မဟာဝုန်တောကြီးသို့ ရောက်ရှိလာကြကုန်သော နတ်ပြဟ္မာတို့အထဲမှ ပြဟ္မာတစ်ဦးက"အရှင်ဘုရား မဟာဝုန်တော၌ နတ်ပြဟ္မာအပေါင်းတို့ စုဝေးရောက်ရှိလာကြသဖြင့် အစည်းအဝေးကြီးဖြစ်လျက် ရှိနေပါသည်။ တပည့်တော်တို့သည် ကိလေသာရန်သူတို့ကို အောင်နိုင်ပြီးသော သံဃာတော်တို့အား ဖူးမြင်ခြင်းငှာ ဤတရားသဘင်အစည်းအဝေးသို့ လာရောက်ကြပါကုန်၏" ဟုလျှောက်ထားလေသည်။

နောက်ပြဟ္မာတစ်ဦးက "အရှင်ဘုရား ထိုအစည်းအဝေး၌ ရဟန်းတို့သည် မိမိစိတ်ကို တည်ကြည်စေလျက် ဖြောင့်မတ်စွာပြုထားကြပါကုန်၏။ ရထားထိန်းသည် မြင်းဇက်ကြိုးကို ကိုင်၍ထိန်းသကဲ့သို့ ပညာရှိရဟန်းတို့သည် ဣန္ဒြေတို့ကို ထိန်းသိမ်းတော်မူကြပါကုန်၏" ဟု လျှောက်ထားသည်။ နောက်ပြဟ္မာတစ်ဦးက "အရှင်ဘုရား ဘုရားရှင်က ကောင်းစွာဆုံးမထားပြီးဖြစ်၍ တဏှာကင်းလျက် သန့်ရှင်းစင်ကြယ်သော ထိုရဟန္တာငယ်တို့သည် ရာဂ ဒေါသ မောဟ တည်းဟူသော ခလုတ်တံသင်းနှင့်တံခါးကျည်မင်းတုပ်တို့ကို ဖြုတ်ပြီးလျှင် ရာဂ ဒေါသမောဟတည်းဟူသောတံခါးတိုင်ကို နုတ်၍ လှည့်ပတ်သွားလာနေကြပါကုန်၏" ဟုလျှောက်ထားလေသည်။ နောက်ပြဟ္မာတစ်ဦးကလည်း "အရှင်ဘုရား ဘုရားရှင်ကို ကိုးကွယ်ဆည်းကပ်သူအားလုံးတို့သည် အပါယ်ဘုံသို့မကျရောက်နိုင်တော့ပါကုန်။ လူ့ခန္ဓာကိုယ်ကို စွန့်ပယ်သောအခါ နတ်ပြည်၌သာ ဖြစ်ကြပါကုန်လိမ့်မည်" ဟု လျှောက်ထားပြန်သည်။

ထိုအခါ ဘုရားရှင်က"ရဟန်းတို့ စကြဝဠာတစ်ထောင်စီရှိသော လောကဓာတ်ဆယ်ခုတို့မှ နတ်ပြဟ္မာတို့သည် ဘုရားရှင်နှင့်ရဟန်းသံဃာတို့ကို ဖူးမြော်ဖို့ရာ စုဝေးရောက်ရှိလာကြကုန်၏။ အတိတ်ကပွင့်ခဲ့သော ဘုရားရှင်တို့၏ လက်ထက်တော်၌လည်း ဤမျှသောနတ်ပြဟ္မာတို့ စည်းဝေးခဲ့ကြကုန်ပြီ။ နောင်အနာဂတ်၌ ပွင့်လတ္တံ့သောဘုရားရှင်တို့၏ လက်ထက်တော်၌လည်း ဤမျှသောနတ်ပြဟ္မာတို့ စည်းဝေးကြကုန်လိမ့်မည်။ ရဟန်းတို့ နတ်ပြဟ္မာအပေါင်းတို့၏ အမည်နာမကို ပြောကြားပြပေအံ့၊ ကောင်းစွာနှလုံးသွင်းကြလော့" ဟု မိန့်တော်မူလေသည်။

ထို့နောက် နတ်အမျိုးမျိုး၊ ပြဟ္မာအထွေထွေ၏ အမျိုးအမည်နှင့်တည်ရာဌာနများအကြောင်းကို ကြည်နူးဝမ်းမြောက်ဖွယ်ရာ ဆက်လက်ဟောကြားလေသည်။ ဤမဟာသမယသုတ်ကို နတ်ပြဟ္မာများက အလွန်ချစ်မြတ်နိုးကြသည်။ ထို့ကြောင့် မင်္ဂလာစကားကို မြွက်ကြားလိုသူသည် နေရာဌာနသစ်များတွင် ဤသုတ်ကိုရွတ်ဆိုထိုက်သည်။ နတ်ပြဟ္မာများက ဤမဟာသမယသုတ်ကို နာယူချင်၍အမြဲနားစွင့်နေကြသည်ဟု အဋ္ဌကထာဆရာကဖွင့်ဆို ရေးသားထားသည်။

မဟာသမယသုတ်ဟူသည် အမှန်စင်စစ်အားဖြင့် ဘုရားရှင်က နတ်ပြဟ္မာအသီးသီးတို့၏ အမည်နာမများကို ရွတ်ဆိုပြ၊ ခေါ်ပြခြင်းမျှသာဖြစ်သည်။ လောကတွင် ထင်ပေါ်ကျော်ကြားသူ၊ အောင်မြင်နေသူ သို့မဟုတ် အကြီးအကဲတို့က လူကြားသူကြားထဲမှာ ကိုယ့်နာမည်လေးခေါ်လိုက်လျှင် အလွန်ကျေနပ်ကြသည်။ သုတိမင်္ဂလာအရှိဆုံးသောအသံသည် မိမိအမည်ကို လေးလေးစားစားနှင့်အရေးတယူ ချိုချိုသာသာခေါ်လိုက်သည့်အသံပင် ဖြစ်သည်။

ဤမဟာသမယသုတ်သည် နတ်ပြဟ္မာများကို မိတ်ဖွဲ့စည်းရုံး၍ သူတို့၏မေတ္တာနှင့် သူတို့အစောင့်အရှောက်ကို ခံယူနိုင်သော သဘောရှိပေရာ နတ်ပြဟ္မာတို့၏ မေတ္တာနှင့်အစောင့်အရှောက်ကို ခံယူလိုသူများသည် ဤမဟာသမယသုတ်တော်ကို ရွတ်ဖတ်ပူဇော်ခြင်း၊ ကြားနာခြင်းတို့ဖြင့် အလေးအမြတ်ပြုသင့်ပါကြောင်း ဖော်ညွှန်းရေးသားလိုက်ရပေသည်။ ။

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**




# စာရေးဆရာကြီးပါရဂူ ရှန်တိနိကေတန်စာကြည့်တိုက်ရန်ပုံငွေအထိမ်းအမှတ် မိုးရာသီစာအုပ်ဈေးရောင်းပွဲနှင့် စာပေဟောပြောပွဲကျင်းပ

ရန်ကုန် ဇွန် ၃

**စာရေးဆရာကြီးပါရဂူ ရှန်တိနိကေတန်စာကြည့်တိုက် ရန်ပုံငွေအထိမ်းအမှတ် မိုးရာသီစာအုပ်ဈေးရောင်းပွဲ၊ တေးဂီတဖျော်ဖြေပွဲနှင့် စာပေဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ရှိ Orchid Hotel ၌ ကျင်းပသည်။**

ရှေးဦးစွာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ပါရဂူ ရှန်တိနိကေတန်စာကြည့်တိုက် ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ စည်သူဦးတင်လှိုင် (လယ်တွင်းသားစောချစ်)နှင့် တာဝန်ရှိသူတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

ထို့နောက် ဆရာပါရဂူ ရှန်တိနိကေတန် စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အလှူရှင်များက အလှူငွေကျပ် ၅၄ သိန်းကို ပေးအပ်လှူဒါန်းကြသည်။

စာရေးဆရာကြီးပါရဂူ ရှန်တိနိကေတန် စာကြည့်တိုက်ရန်ပုံငွေ အထိမ်းအမှတ် မိုးရာသီစာအုပ်ဈေးရောင်းပွဲကို နံနက် ၉ နာရီမှ ဇွန် ၃ ရက် ည ၉ နာရီ အထိ Orchid Hotel ၌ စာပေတိုက် များမှ စာအုပ် ဆိုင်ပေါင်း ၂၅ ဆိုင် ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ပြီး ဇွန် ၃ ရက် မွန်းလွဲ ၁ နာရီတွင် စာရေးဆရာ လယ်တွင်းသားစောချစ်၊ ဖေမြင့်နှင့် စာရေးဆရာမဂျူးတို့က စာပေရေးရာများ ဟောပြောကြမည်ဖြစ်သည်။

စာရေးဆရာကြီးပါရဂူ ရှန်တိနိကေတန် စာကြည့်တိုက်တွင် သုတ၊ ရသ၊ ပညာရေး၊ ဘာသာရေးဆိုင်ရာ စာအုပ်များကို ရည်ညွှန်းစာကြည့်တိုက်အဖြစ် ထားရှိပြီး စာတမ်းပြုစုလိုသူမည်သူမဆို လာရောက်လေ့လာဖတ်ရှုနိုင်ကြောင်း သိရှိရသည်။

(ရီရီမြင့်+ဉမ္မာသန့်-သတင်းစဉ်)

## သူ့အမြင် သူ့အတွေး

# သာယာဝတီမှ ပဲခူးသို့ ဘတ်စ်ကားလိုင်းများ ပြေးဆွဲနိုင်မည်ဆိုလျှင် ပဲခူးတိုင်းဒေသကြီး အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာမည်

ရန်ကုန်တိုင်းဒေသကြီးနှင့် အနီးဆုံးမှာ ပဲခူးတိုင်းဒေသကြီး ဖြစ်ပါသည်။ ပဲခူးတိုင်းဒေသကြီးသည် အခြားသော တိုင်းဒေသကြီးနှင့် ပြည်နယ်များနှင့် လွယ်ကူစွာ ကားလမ်းများဖြင့် သွားလာ၍ ရသော တိုင်းဒေသကြီး ဖြစ်ပါသည်။ ပြည်နယ်/တိုင်းဒေသကြီးတစ်ခုလျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာရန်မှာ ခရီးလမ်းဆက်သွယ်ရေး လွယ်ကူလျင်မြန်စွာ အချိန်တိုအတွင်း အချိန်တိုင်းသွားလို့ရမှသာလျှင် အရှိန်အဟုန်ဖြင့် တိုးတက်လာမည်ဖြစ်ပါသည်။

ဖွံ့ဖြိုးတိုးတက်မှု လျင်မြန်စေရန်မှာ အချိန်က ပို၍အရေးကြီးပါသည်။ အကြောင်းမူ လွယ်ကူစွာသွားလို့ရသော်လည်း အချိန်တိုအတွင်း ရောက်အောင် ပို့ပေးမည့် ယာဉ်များလည်း လိုအပ်ပါသည်။ မြို့တစ်မြို့မှ တစ်မြို့သို့/ပြည်နယ်/တိုင်းဒေသကြီး တစ်ခုမှတစ်ခုသို့ သွားလာကြရန်မှာ လမ်း၊ တံတားနှင့် ယာဉ်များ အထူးသဖြင့် ဝန်ထမ်း၊ လုပ်သားပြည်သူ၊ အခြေခံလူတန်းစားများမှ အသုံးပြု၍ရနိုင်သော အခြေအနေမျိုး လိုအပ်ပါသည်။ ဒါမှလည်း ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိက ဆောင်ရွက်နေသော အောက်ခြေ ဝန်ထမ်း၊ ပြည်သူလူထု၊ ကုန်သည်ပွဲစား၊ ဈေးသည်များမှ စိတ်အေးချမ်းသာစွာ ဆောင်ရွက်နိုင်ကြမည် ဖြစ်ပါသည်။ စာရေးသူမှာ အစိုးရကိစ္စတစ်ခု နှင့် ရန်ကုန် မြို့မှ သာယာဝတီမြို့သို့ ၆-၃-၂၀၁၂ ရက်တွင် ရွှေသန်လျင်ကားဖြင့်လိုက်ခဲ့ပြီး လမ်းခရီးတစ်လျှောက်တွင် ခရီးသည်များအား ထပ်မံတင်ဆောင်ရာတွင် ကားဒရိုင်ဘာနှင့် စပယ်ယာတို့က ကားခများကို ကြိုက်သလိုတောင်းသဖြင့် ကားပေါ်ရောက်ပြီး ကားခမပေးနိုင်၍ မောင်းချ ခံရသူများမှာ အခြေခံလူတန်းစားများနှင့် လစာနည်း ဝန်ထမ်းများသာ ဖြစ်ပါသည်။ စာရေးသူ သာယာဝတီမြို့သို့ရောက်ပြီး ကိစ္စများ ဆောင်ရွက်ပြီး၍ ပဲခူးမြို့သို့ တိုက်ရိုက်သွားသော ဘတ်စ်ကားရှိ၊ မရှိ မေးမြန်းရာ မရှိကြောင်း၊ ပြည်မှ ပဲခူးသို့ သွားသော ဘတ်စ်ကား တစ်နေ့ နှစ်စီးသာ ရှိပါကြောင်း၊ သာယာဝတီမြို့သူ မြို့သားများမှ ထောက်ကြန့်မြို့ အရင်သွားပြီးမှ ကားပြောင်းစီး၍ ပဲခူးသို့ သွားလေ့ရှိကြောင်း ပြောပြပါသည်။ စာရေးသူစုံစမ်းနေချိန်တွင် ပြည်-ပဲခူး ဘတ်စ်ကား ရောက်လာ၍ပဲခူးဘယ်လောက်လဲမေးရာ ကျပ် ၃၀၀၀ ပေးရမည်ပြော၍ လိုက်ရန် ကားပေါ်တက်ရာ ကားအဝင်ဝနှင့် လူထိုင်ခုံများ၊ အတွင်းဘက် လူသွားလမ်းများတွင် ဆန်၊ ပဲနှင့် အခြားကုန် ပစ္စည်းမျိုးစုံ အပြည့်တင်ထား၍ လူသွား လမ်းမရှိဘဲ ပိတ်နေပါသည်။ ကားခကိုသာ ယူပြီး ခရီးသည်များအတွက် နေရာစီစဉ် ပေးမှု မရှိဘဲအဆင်ပြေသလို လိုက်ပါခဲ့ရပါသည်။ အချို့ခရီးသည်များမှာ ဆန်အိတ်များပေါ် လိုက်ခဲ့ရပါသည်။ စာရေးသူလည်း ကုန်ပစ္စည်းများပေါ် ကျော်ခွတက်၍ အဆင်ပြေသောနေရာတွင် လိုက်ခဲ့ရပါသည်။ ပြည်မှ ပဲခူးထိ ခရီးသည်တစ်ဦးလျှင် ကျပ် ၃၅၀၀ သတ်မှတ်ထားသော်လည်း ကြားမှတ်တိုင်မှတက်သော ခရီးသည်များအား ကျပ် ၃၀၀၀ သို့မဟုတ် ၃၅၀၀ တောင်းပါသည်။ ထိုကားပေါ်ရှိ ခရီးသည် အသက်(၇၃)နှစ်အရွယ် အမေကြီးနှင့် ခရီးသည်တချို့က ၎င်းကားများမှာ ယခုလို ကုန်ပစ္စည်းများကို တင်ဆောင်ပြီးလမ်းတွင် တင်/ချ ပြုလုပ်၍အချိန်ကြာမှ ပဲခူးသို့ရောက်လေ့ရှိကြောင်း၊ ခရီးသည်များ အချိန်တိုအတွင်း ရောက်ရှိအောင် ထည့်သွင်းစဉ်းစားမှု မရှိကြောင်း၊ တစ်ခါတစ်ရံမိုးချုပ်မှ ပဲခူးသို့ ရောက်လေ့ရှိကြောင်း၊ ရပ်ချင်တဲ့ နေရာရပ်၊ နားချင်တဲ့နေရာနားလေ့ရှိပြီး ကားခကိုလည်း တောင်းချင်သလိုတောင်း၍ မပေးနိုင်လျှင် ကားပေါ်ရောက်ပြီးမှ မောင်းချလေ့ရှိကြောင်း၊ အချိန်တိုအတွင်း ပဲခူးသို့ ရောက်အောင် ကားများ ပြောင်းမစီးရခြင်းမှာ ငွေပိုအကုန်မခံနိုင်၍ ယခုလို သည်းခံပြီး သွားလာနေတာကြာပြီဖြစ်ကြောင်းပြောပြ၍ သိခဲ့ရပါသည်။ သာယာဝတီမြို့မှ ကားထွက်၍ လမ်းတစ်လျှောက်ပါလာသော ကုန်ပစ္စည်းများအား တင်/ချ၊ ရပ်နားခြင်းများ ပြုလုပ်ခဲ့၍ ညနေစောင်းမှ ပဲခူးသို့ရောက်ရာ ဆိုင်ကယ် TAXI ကိုငှားကာ တိုင်းရုံးသို့သွားသော်လည်း ရုံးဆင်းချိန်ဖြစ်နေသဖြင့် နောက်နေ့ ရုံးဖွင့်မှ လာပါရန်ပြော၍ ပြန်ခဲ့ရပါသည်။ ကုန်ပစ္စည်းတင်ခရီးသည်ကားကို စီးခဲ့၍ ယခုလို အချိန်အလဟဿ အကျိုးမဲ့ကုန်ပြီး အလုပ်ကိစ္စလည်း မဆောင်ရွက်ရဘဲ ထိခိုက်ခဲ့ရပါသည်။ အကယ်၍ သာယာဝတီမှ ပဲခူးသို့ တိုက်ရိုက်သွားသော ဘတ်စ်ကား (ရန်ကုန်-ပဲခူးကားကဲ့သို့)များ ရှိနေမည်ဆိုပါက သာယာဝတီရှိ ဌာနဆိုင်ရာ ဝန်ထမ်း၊ ကုန်သည် ပွဲစား၊ ပြည်သူများအတွက် လူမှုရေး၊ ကျန်းမာရေး၊ ဘာသာရေးနှင့် အစိုးရရုံး လုပ်ငန်းများအား အချိန်တိုအတွင်း လုပ်ကိုင်နိုင်မည်ဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး၏ ဖွံ့ဖြိုးတိုးတက်မှုများကို တစ်ဖက်တစ်လမ်းမှ ကူညီရာ ရောက်မည်ဖြစ်ပါသည်။ဘတ်စ်ကားလိုင်းများကို လုပ်ခွင့်ပြုမည်ဆိုပါက ပြည်သူများမှ အလုပ်အကိုင်များ ထပ်မံရရှိမည် ဖြစ်ပါသည်။ ပြည်သူများလည်း အကျိုးရှိပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ပြုရာ ရောက်ပါသည်။ ယခုအခါ နိုင်ငံတော်အစိုးရကလည်း ခေတ်မီဖွံ့ဖြိုးတိုးတက်မှု အလျင်အမြန် ဖြစ်လာစေရန် ဆောင်ရွက်နေသော အချိန်လည်း ဖြစ်ပါသည်။ ထို့ကြောင့် သာယာဝတီမြို့မှ ပဲခူးမြို့သို့ အချိန်ပြည့် (အချိန်တိုအတွင်း) လွယ်ကူ စွာသွားလို့ ရအောင် ဘတ်စ်ကားလိုင်းများ တိုးချဲ့ပြေးဆွဲ မည်ဆိုလျှင် ပဲခူးတိုင်းဒေသကြီး အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။ ။

ဦးရိုန်
(ဘဏ်ဥပဒေအကြံပေး)




## ပထမအကြိမ် ချင်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၂/၂၀၁၂) ကျင်းပ

**နေပြည်တော် ဇွန် ၃**

ပထမအကြိမ် ချင်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၂/၂၀၁၂) ကို ဇွန် ၁ ရက် နံနက် ၁၀ နာရီတွင် ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ**(အပေါ်ပုံ)** ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဟောက်ခင်ခမ်းနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၉ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက ခရိုင်ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ အဆိုတင်သွင်းရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးက ဆွေးနွေးကြပြီး ဟားခါးခရိုင်သစ်ကို ဟားခါး၊ ထန်တလန်မြို့နယ်များဖြင့် လည်းကောင်း၊ ဖလမ်းခရိုင်ကို ဖလမ်း၊ တီးတိန်၊ တွန်းဇန်မြို့နယ်များဖြင့် လည်းကောင်း ဖွဲ့စည်းရန် အတည်ပြုဆုံးဖြတ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက မင်းတပ်ခရိုင် ပလက်ဝမြို့နယ် ဆမီးကျေးရွာအုပ်စုအား မြို့နယ်ခွဲအဖြစ် တိုးမြှင့်ဖွဲ့စည်းရေး အဆိုတင်သွင်းရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ငါးဦးက ဆွေးနွေးကြပြီး မြို့နယ်ခွဲအဖြစ် တိုးမြှင့်ဖွဲ့စည်းရန် အတည်ပြုဆုံးဖြတ်သည်။ ထို့နောက် ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးရမ်မန်းက ပြည်နယ်/ခရိုင်/မြို့နယ်များ၏ စီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်ရေး ကော်မတီစာရင်းကို အဆိုတင်သွင်းရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ရှစ်ဦးက ဆွေးနွေးပြီး အတည်ပြုခဲ့ကြောင်းသိရသည်။ (သတင်းစဉ်)



## မန္တလေး၌ GSM ဖုန်းများထက် WCDMA ဖုန်းများ ပြင်ပပေါက်ဈေးမြင့်

**မန္တလေး ဇွန် ၃**

မန္တလေးတိုင်းဒေသကြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ကျပ်နှစ်သိန်းတန် ၀၉-၄၀၂၅×××× ဖုန်းများအား မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၂၅ လမ်း၊ လမ်း ၈၀ နှင့် ၈၁ လမ်းကြား ပြည်သူသုံးဆက်သွယ်ရေးစခန်းတွင် ကိုင်ဆောင်မည့်သူ၏ ဓာတ်ပုံနှစ်ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူဖြင့် One Stop Service လွတ်လပ်စွာ ရောင်းချပေးလျက်ရှိသည်။(ဝဲပုံ)

WCDMA ဖုန်းများရောင်းချမှုမရှိသဖြင့် ပြင်ပဖုန်းဆိုင်များက ၀၉-၄၄၄×××× စသော ကျပ်နှစ်သိန်းခွဲတန်ဖုန်းများအား ကျပ်နှစ်သိန်းကိုးသောင်းငါးထောင်ဖြင့် လည်းကောင်း၊ အပူးနံပါတ်ဖုန်းများအား ကျပ်သုံးသိန်းဖြင့် လည်းကောင်း ဈေးတင်ရောင်းချလျက်ရှိကြောင်း သိရသည်။ သီဟကိုကို(မန္တလေး)

## တွံတေးမြို့နယ်မှ ကျောင်းသားကျောင်းသူများအတွက် ထောက်ပံ့ငွေများ ပေးအပ်

**ရန်ကုန် ဇွန် ၃**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် အခြေခံပညာကျောင်းများမှ ကူညီထောက်ပံ့ရန်လိုအပ်သော ကျောင်းသားကျောင်းသူများအတွက် အလှူငွေများ ပေးအပ်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများအတွက် ကျောင်းသုံးဝေယျာဝစ္စပစ္စည်းများ လှူဒါန်းပွဲနှင့် ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန မြို့လုံးကျွတ်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၃၁ ရက် နံနက် ၈ နာရီခွဲက တွံတေးမြို့နယ် အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ အမျိုးသားလွှတ်တော် ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက အဖွင့်အမှာစကား ပြောကြားသည်။ ယင်းနောက် တွံတေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးတင့်လွင်က ပညာရေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ အမျိုးသားလွှတ်တော် ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက တွံတေးမြို့နယ် အခြေခံပညာကျောင်းများမှ ကူညီထောက်ပံ့ရန် လိုအပ်သော ကျောင်းသား ကျောင်းသူများအတွက် အလှူငွေကျပ် သိန်း ၆၂၁၆၀၀၀ ကို ပေးအပ်လှူဒါန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်လင်းက လက်ခံရယူသည်။ **(အပေါ်ယာပုံ)** ထို့နောက်



ဒေါက်တာခင်ရွှေက မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၂၅၂ ကျောင်းအတွက် ကျောင်းသုံးဝေယျာဝစ္စပစ္စည်း အမျိုးအစား ကိုးမျိုး၊ အရေအတွက် ၄၃ မျိုးကို ပေးအပ်လှူဒါန်းရာ တွံတေးမြို့နယ် သာသနနုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးကျော်သန်းက လက်ခံရယူသည်။ ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအုန်းကြည်နှင့် ဒေါက်တာသိန်းဇော်မြင့်၊ တာဝန်ရှိပုဂ္ဂိုလ်များက အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။ ထို့နောက် ထောက်ပံ့လှူဒါန်းမှုအပေါ် တွံတေးမြို့နယ်ကိုယ်စား မြို့မိမြို့ဖ ဦးစောမြင့်ဆွေက ကျေးဇူးတင်စကား ပြောကြားသည်။ (ကြေးမုံ)

**✳ ဘရက်ဒ်ပစ်မှ**

ပြန်လည်ပုံဖော်ရိုက်ကူးသွားမည်ဟု သိရသည်။ ဘရက်ဒ်ပစ်နှင့် ဒိုမီနစ်ခ်တို့ ပူးပေါင်း၍ ပြန်လည်အသက်သွင်းမည့် မွန်ရိုးဇာတ်ကားကို မင်းသမီး နာအိုမီဝက်စ် ပြန်လည်သရုပ်ဆောင်မည်၊ မဆောင်မည်ကို ကွဲကွဲပြားပြား မသိရသေးပေ။ အဘယ် ကြောင့်ဆိုသော် နာအိုမီမှာ ယခုအခါ ဗြိတိသျှတော်ဝင်မင်းသမီး ဒိုင်ရာနာ၏ အတ္ထုပ္ပတ္တိဇာတ်ကားတွင် ဒိုင်ရာနာမင်းသမီးအဖြစ် သရုပ်ဆောင်နေသော ကြောင့် ဖြစ်သည်။

ဘရက်ဒ်ပစ်နှင့် ဒိုမီနစ်ခ်တို့မှာ အတွဲညီသည့် လုပ်ဖော်ကိုင်ဖက်များဟု ဆိုရမည်ဖြစ်သည်။ ပြီးခဲ့သည့် ကန်းရုပ်ရှင်ပွဲတော်တွင် ၎င်းတို့နှစ်ဦးပူးတွဲဖန်တီးခဲ့သည့် အမေရိကန်နိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေးကို ထင်ဟပ်ပုံဖော်ထားသော Killing Them Softly ဇာတ်ကားမှာ အောင်ပွဲခံနိုင်ခဲ့သည်။ ယခု မာရီလင်မွန်ရိုးဇာတ်ကားကို မည်သည့်အတိုင်းအတာအထိ အောင်မြင်မှုရရှိအောင်စွမ်းဆောင်နိုင်မည်ကို စောင့်ကြည့်ရဦးမည်ဖြစ်သည်။ ***အင်တာနက်။***

**❍ အင်္ဂလန်အသင်းမှ**

ရရှိပြီးနောက် ယူရို ၂၀၁၂ ပြိုင်ပွဲတွင် အင်္ဂလန်အသင်း ချန်ပီယံဖြစ်ခဲ့ပါက ကစားသမားများအား ဆုချီးမြှင့်ရန်စီစဉ်ထားကြောင်း အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က အတည်ပြုပြောကြားထားသည်။

အင်္ဂလန်အသင်းက ပြိုင်ပွဲတစ်ပွဲအနိုင်ရရှိပါက ဆုကြေးငွေ ပေါင် ၁၅၀၀ အထိ ဆုချီးမြှင့်ရန်လည်း စီစဉ်ထားသည်။ ထို့ပြင် ဥရောပဘောလုံးအဖွဲ့ချုပ် (ယူအီးအက်ဖ်အေ) ကလည်း ယူရို ၂၀၁၂ ပြိုင်ပွဲဝင်အသင်း ၁၆ သင်းအား ပေါင်သန်း ၁၆၀ ချီးမြှင့်သွားမည်ဖြစ်ကြောင်း ယူအီးအက်ဖ်အေက အခိုင်အမာ ပြောကြားခဲ့သည်။ ***အင်တာနက်။***

## နိုင်ငံတကာ ခြေစမ်းပွဲ ရလဒ်များ

(၃-၆-၂၀၁၂)

| | | |
|---|---|---|
| အင်္ဂလန် | ၁-၀ | ဘယ်လ်ဂျီယံ |
| နယ်သာလန် | ၆-၀ | မြောက်အိုင်ယာလန် |
| ဂွာတီမာလာ | ၁-၀ | ကိုစတာရစ်ကာ |
| ဒိန်းမတ် | ၂-၀ | ဩစတြေးလျ |
| ပိုလန် | ၄-၀ | အန်ဒိုရာ |
| နော်ဝေ | ၁-၁ | ခရိုအေးရှား |
| ပေါ်တူဂီ | ၁-၃ | တူရကီ |
| အယ်လ်ဆာဗေးဒိုး | ၁-၃ | ဟွန်ဒူးရပ်စ် |

## ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရန်အတွက် အကြံပြုသတိပေးချက်

၁။ ယာဉ်မောင်းသူသည် ယာဉ်မောင်းကျွမ်းကျင်သူဖြစ်ရမည်။

၂။ မော်တော်ယာဉ်ကို တစ်နာရီလျှင် မိုင် ၆၀ (သို့မဟုတ်) ၁၀၀ ကီလိုမီတာနှုန်းထက် ပိုမမောင်းရ။

၃။ လမ်းဖြောင့်များတွင် ယာဉ်ကို အရှိန်မြှင့်မောင်းနှင်သဖြင့် ယာဉ်တိမ်းမှောက်မှုများမှာ လမ်းဖြောင့်တွင် အဖြစ်များသည်။

၄။ ယာဉ်မောင်းများ အရက်သေစာ/မူးယစ်ဆေးဝါးများ သုံးစွဲ၍ မောင်းနှင်ခြင်း မပြုရ။

၅။ ယာဉ်မောင်းစဉ် ယာဉ်မောင်းသူ မအိပ်ငိုက်ရ။ (လိုအပ်ပါက အလှည့်ကျမောင်းနှင်သည့် စနစ်အား ကျင့်သုံးရမည်။ ယာဉ်တိမ်းမှောက်မှုဖြစ်စဉ် အများစုတွင် ယာဉ်မောင်းအိပ်ငိုက်၍ တိမ်းမှောက်မှုဖြစ်စဉ်က များပါသည်။)

၆။ **မော်တော်ယာဉ် ကြံ့ခိုင်ရေးအတွက် အောက်ပါအချက်များ ကောင်းမွန်ရမည်-**

(က) မော်တော်ယာဉ်အောက်ပိုင်း တိုက်ရော့၊ ဘောလ်ဂျိုင်းများ ကောင်းမွန်ရမည်။

(ခ) မော်တော်ယာဉ်ဘရိတ်များ ဟန်ချက်ညီစွာ ကောင်းမွန်ရမည်။

(ဂ) မော်တော်ယာဉ်တွင် တပ်ဆင်ထားသော တာယာများ ကောင်းမွန်ရမည်။ (တိုက်ဆွေးနှင့် သက်တမ်းလွန်တာယာများမဖြစ်ရေး အထူးဂရုပြုရမည်။)

(ဃ) မော်တော်ယာဉ်တာယာများ လေဖြည့်ရာတွင် လိုအပ်သည်ထက် ပိုမဖြည့်ရ။

(င) မော်တော်ယာဉ်လေကာမှန်တွင် တပ်ဆင်ထားသည့် ရေသုတ်တံများ ကောင်းမွန်ရမည်။

(စ) ညအချိန်တွင် အမြင်ကြည်လင်မှုရှိစေရန်အတွက် တပ်ဆင်ထားသော မီးများ/ရောင်ပြန်များ ကောင်းမွန်ရမည်။ (ရှေ့မီးကြီး၊ ရှေ့/နောက် အချက်ပြမီး)

၇။ မိုးရွာသည့်အချိန်တွင် ယာဉ်ကို အရှိန်လျှော့၍ မောင်းနှင်ရမည်။

၈။ ယာဉ်မောင်းအနေဖြင့် မမျှော်မှန်းနိုင်သော အန္တရာယ်ကို အထူးသတိထား၍ မောင်းနှင်ရမည်။ (ဥပမာ-ရှေ့တွင်ရပ်ထားသည့်ယာဉ်၊ ဖြတ်သန်းသွားသည့် လူ၊ ကျွဲ၊ နွား တိရစ္ဆာန်၊ ရေအိုင်)

၉။ ယာဉ်ကျော်တက်ရာတွင် လမ်းလုမောင်းနှင်ကျော်တက်ခြင်းမပြုရ။

၁၀။ သတ်မှတ်ထားသော လမ်းစည်းကမ်းကို စနစ်တကျ လိုက်နာပြီး လမ်းတစ်လျှောက်တွင် စိုက်ထူထားသော သင်္ကေတအမှတ်အသားများနှင့် သတိပေးဆိုင်းဘုတ်များကို ဂရုစိုက်ကြည့်ရှု၍ ယာဉ်အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်ရမည်။

မှတ်ချက် ။ ။ ရန်ကုန် - မန္တလေးအမြန်လမ်းမကြီးပေါ်တွင် ယာဉ်အန္တရာယ်ဖြစ်ပွားပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်၍ အကူအညီ တောင်းခံရယူနိုင်ပါသည်-

| | |
|---|---|
| (၁) အမှတ်(၃)လမ်းဆုံတိုးလ်ဂိတ် | ၀၁-၆၂၉၉၄၉၊ ၀၉-၈၆၅၁၄၆၀ |
| (၂) ဖြူးတိုးလ်ဂိတ် | ၀၉-၆၃၀၇၁၆၅၊၀၉-၆၃၀၇၁၆၄ |
| (၃) စီလမ်းဆုံတိုးလ်ဂိတ် | ၀၆၇-၄၂၁၆၉၁ |
| (၄) မိတ္ထီလာ(သီးကုန်း) တိုးလ်ဂိတ် | ၀၉-၈၆၅၁၄၆၂ |
| (၅) မန္တလေး(စကားအင်း) တိုးလ်ဂိတ် | ၀၉-၄၉၃၂၅၈၇၆ |
| (၆) ရုံးအဖွဲ့မှူး၊ ဝန်ကြီးရုံး | ၀၆၇-၄၀၇၅၈၄ |
| (၇) တာဝန်မှူး၊ ဝန်ကြီးရုံး | ၀၉-၄၉၂၀၁၈၇၈ |
| (၈) တာဝန်မှူးရုံး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန | ၀၆၇-၄၀၇၃၅၉ |

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

## Channel 7 မန္တလေးတွင် ကြည့်ရှုနိုင်

**မန္တလေး ဇွန် ၃**

Forever Group မှ ထုတ်လွှင့်လျက်ရှိသော Channel 7 ရုပ်သံလိုင်းကို မန္တလေးမြို့နှင့် အနီးဝန်းကျင်ဒေသများတွင် အခမဲ့ဖမ်းယူကြည့်ရှုနိုင်ပြီဖြစ်သည်။ ယင်း Channel 7 ရုပ်သံလိုင်းတွင် သတင်းကဏ္ဍများ ပါဝင်ခြင်းမရှိဘဲ ဖျော်ဖြေရေးအစီအစဉ်များ၊ ပြည်တွင်းပြည်ပရုပ်ရှင်ဇာတ်လမ်းများ Entertainment လိုင်း ဖြစ်ကြောင်း သိရသည်။**(အောက်ပုံ)** သီဟကိုကို(မန္တလေး)



**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ မိုးပွင့်အဆင့်(၃)စီမံချက်ဖြင့် လယ်ဝေးမြို့နယ်အတွင်း အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်း ကွင်းဆင်းဆောင်ရွက်မှုကြည့်ရှုအားပေး

**နေပြည်တော် ဇွန် ၃**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော် လယ်ဝေးမြို့နယ် သပြေပင်ကျေးရွာအခြေခံပညာ အထက်တန်းကျောင်း၌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးလုပ်ငန်းစိစစ်ကြီးကြပ်ရေးအဖွဲ့ဝင်များက ဒေသခံပြည်သူများအား မိုးပွင့်အဆင့်(၃)စီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်း ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဒေသခံပြည်သူများအား မိမိတို့ဝန်ကြီးဌာနမှ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မိုးပွင့်အဆင့်(၁)နှင့် (၂)တို့ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းကို ဖြေလျှော့သည့် နည်းစနစ်နှင့်အညီ ဆောင်ရွက်ထုတ်ပေးခဲ့မှုအခြေအနေ၊ ယင်းစီမံချက်များတွင် အကြောင်းအမျိုးမျိုးကြောင့် ဆောင်ရွက်ရန်ကျန်ရှိနေသည့် ပြည်သူများအတွက် မိုးပွင့်အဆင့်(၃) စီမံချက်ဖြင့် ဇွန် ၁ ရက်မှ ဇူလိုင် ၃၁ ရက်အထိ နှစ်လတာ ထပ်မံဆောင်ရွက်ပေးမည့် အခြေအနေနှင့် ဌာနသို့ ပေးသွင်းရသည့် ကုန်ကျစရိတ်များနှင့် အခြားဆက်စပ်ကုန်ကျစရိတ်များကို ရောထွေးသတ်မှတ်မှုမပြုကြရေး၊ ပြည်သူများအနေဖြင့် လုပ်ငန်းများလွယ်ကူလျင်မြန်၍ စရိတ်သက်သာမှုအပေါ် တန်ဖိုးမထားမဖြစ်စေရေးနှင့် စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းကြရေး၊ လုပ်ငန်းဆိုင်ရာ အခက်အခဲများရှိပါကလည်း စုံစမ်းမေးမြန်း ဆောင်ရွက်ကြရေး အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ နေပြည်တော် လယ်ဝေးမြို့နယ် သပြေပင်ကျေးရွာမှ ဒေသခံပြည်သူများအား ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

# ဟိုတယ်ဝန်ဆောင်မှု အဆင့်အတန်းမြင့်မားရေးနှင့် ဧည့်သည်များ စိတ်ကျေနပ်မှုရရှိရေး လှည့်လည်စစ်ဆေး

**ရန်ကုန် ဇွန် ၃**

မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးလှငွေးသည် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့် အတူ ဟိုတယ်များ၏ ဝန်ဆောင်မှုများ



**ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးလှငွေး အင်းလျားကန်ဟိုတယ်၌ ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

နိုင်ငံတကာအဆင့်မီ ကောင်းမွန်လာစေရေးအတွက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ဟိုတယ်များအနက် ရန်ကုန်မြို့ရှိ သမ္မတဟိုတယ်၊ ကမ်းနားဟိုတယ်နှင့် အင်းလျားကန်ဟိုတယ်တို့၏ ခန်းမဆောင်များ၊ ဧည့်ကြိုဆောင်များ၊ အိပ်ခန်းဆောင်များ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များနှင့် ရုံးခန်းများကို ယနေ့ နံနက် ၉ နာရီတွင် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုအားလုံး အဆင့်အတန်းမြင့်မားရေးနှင့် ဧည့်သည်များစိတ်ကျေနပ်ချမ်းမြေ့မှုရရှိရေးတို့ကို မှာကြားသည်။

အဆိုပါ သမ္မတဟိုတယ်၊ ကမ်းနားဟိုတယ်နှင့် အင်းလျားကန်ဟိုတယ်တို့သည် မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းနှင့် Strand Hotels International Co., HONG KONG တို့နှင့် ၁၉၉၀ ပြည့်နှစ်မှစ၍ အကျိုးတူ ပူးပေါင်းဆောင်ရွက်ခဲ့သည့် ဟိုတယ်များဖြစ်ကြောင်းသိရသည်။(သတင်းစဉ်)

**ဥတုရာသီ**
**တောကိုမှီ၏**

# မြေယာနှင့် သီးနှံများ ပျက်စီးဆုံးရှုံးမှုအတွက် တောင်သူများအား နစ်နာကြေးထောက်ပံ့ပေးအပ်ပွဲ ပျော်ဘွယ်မြို့နယ်၌ ကျင်းပ

**ပျော်ဘွယ် ဇွန် ၃**

ပျော်ဘွယ်မြို့နယ် မဲဒီးကျေးရွာအုပ်စုအနီးတွင် တည်ဆောက်ထားသော နတ်ကာဆည်ရေလှောင်တမံ စီမံကိန်းတွင် မြေငှားဧရိယာအတွင်း ပါဝင်သော တောင်သူများ၏ လယ်ယာမြေများနှင့် သီးနှံများဆုံးရှုံးမှုအတွက် နစ်နာကြေး ထောက်ပံ့ပေးအပ်ပွဲကို မေ ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ကျီရွာအုပ်စု ကျီရွာကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးတင်ဦးက အမှာစကားပြောကြားပြီး မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်အောင်ဆန်းက နတ်ကာဆည် တည်ဆောက်ခြင်း လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရမည်းသင်းခရိုင် ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်ဇော်က နစ်နာကြေး ထောက်ပံ့ပေးမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ထိခိုက်ပျက်စီးဆုံးရှုံးသော လယ်မြေတစ်ဧကလျှင် ငွေကျပ် နှစ်သိန်းနှုန်းဖြင့် တောင်သူ ၄၇ ဦးတို့၏ လယ်မြေ ၈၅ ဧကအတွက် စုစုပေါင်းတန်ဖိုး ငွေကျပ် သိန်း ၁၇၀ အား နစ်နာကြေးအဖြစ် ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့အပြင် မြေငှားဧရိယာနှင့် မြေသယ်လမ်းဧရိယာ ၈၅ ဧကအား ယခုနှစ် စိုက်ပျိုးချိန်အမီ စိုက်ပျိုးနိုင်ရေးအတွက် မြေညှိစက်များဖြင့် မြေညှိပေးခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မင်းမင်းထွေး)

# မြောင်းမြမြို့ဟောင်း (သို့မဟုတ်) အောက်ပုဂံရှာပုံတော်

**သတင်းဆောင်းပါးနှင့် ဓာတ်ပုံ - မောင်တွေးထက်**

နေပြည်တော်မှ ရန်ကုန်မြို့သို့ ရောက်ရှိပြီးနောက် တစ်ရက်ဖြစ်သော ၁၁-၅-၂၀၁၂ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့သို့ ခရီးဆက်ဖြစ်ခဲ့သည်။ ထိုနေ့တွင် တိုက်တိုက်ဆိုင်ဆိုင်ဆိုသလို မြောင်းမြမြို့နယ် မြောင်းမြမြို့ဟောင်းကို ရှေးဟောင်းနေရာ တည်ရှိရာဇုန်(Ancient Site Zone)၊ကာကွယ်ထိန်းသိမ်းထားသောဇုန်(Protected and Preserved Zone) အဖြစ် သတ်မှတ်ပြဋ္ဌာန်းခဲ့ကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်ကို မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများ၌ ဖတ်ရှုရလေသည်။

မြောင်းမြမြို့သို့ သွားရောက်ရမည့်ခရီးစဉ်မှာ ထိုကြေညာချက်ကို ဖတ်ရှုရပြီးနောက် ပို၍ ထူးခြားမှုရှိလာသည်။ ဩော်. . . တစ်ချိန်တုန်းဆီက ယဉ်ကျေးမှုထွန်းကားခဲ့ရာ မြောင်းမြမြို့သို့ ပထမဆုံးအကြိမ်ရောက်ခွင့် ရဦးတော့မှာပါလားဟု ကြည်နူးဝမ်းမြောက်သည့် ခံစားမှုဖြစ်ပေါ်ခဲ့ရသည်။ ရှေးဟောင်းမှတ်တမ်းများအရ မြန်မာနိုင်ငံတွင် သုဝဏ္ဏဘူမိမြို့ပြနိုင်ငံတော်တည်ရှိခဲ့ပြီး သုဝဏ္ဏဘူမိ မြို့ပြနိုင်ငံတော်အတွင်း သထုံ၊ မုတ္တမ၊ ရန်ကုန်၊ ပုသိမ်၊ မြောင်းမြမြို့တို့ပါဝင်ကြောင်း မှတ်သားခဲ့ရဖူးသည်။

**မြောင်းမြမြို့ဟောင်းအတွင်း ရှေးဟောင်းအုတ်မြို့ရိုးကို ချုံနွယ်ပိတ်ပေါင်းများကြား၌ တွေ့ရစဉ်။**



မြောင်းမြမြို့သို့ သွားရောက်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၏ ကူညီစီစဉ်မှုဖြင့် မြောင်းမြမြို့နယ်အတွင်း သန့်ရှင်းသော သောက်သုံးရေရရှိရေး စက်ရေတွင်းများ အောင်မြင်စွာတူးဖော်နိုင်မှုကို လေ့လာရန်ပင်ဖြစ်သည်။ သို့သော် သတင်းသမားတစ်ဦးအဖို့ ရေငတ်တုန်းရေတွင်းထဲကျဆိုသကဲ့သို့ မြောင်းမြမြို့ဟောင်းနှင့် ပတ်သက်၍ စိတ်ဝင်စားဖွယ်ရာအချက်အလက်များကို လေ့လာသိရှိခွင့်ရခဲ့ပါသည်။ မြောင်းမြမြို့ဟောင်းသည် ပုဂံယဉ်ကျေးမှုထက်စော၍ တည်ရှိခဲ့ပြီး ပုဂံယဉ်ကျေးမှုနှင့် ဆက်စပ်မှုရှိသည်ဟူသော အချက်ကြောင့် မြောင်းမြမြို့ဟောင်း(သို့မဟုတ်) အောက်ပုဂံကို ရှာပုံတော်ဖွင့်လိုစိတ် ပြင်းပြခဲ့ပါသည်။

မြောင်းမြမြို့ဟောင်းသည် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၌ တည်ရှိသဖြင့် မြန်မာနိုင်ငံ၏ ဘူမိဖြစ်စဉ်တွင် နောက်ကျပြီး ပေါ်ပေါက်လာသော မြေနုမြေသစ်များသာလျှင် ဖြစ်သည်။ ထို့အတွက်ကြောင့်ပင် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ မတွေ့ရှိနိုင်ဟု သမိုင်းနှင့် ရှေးဟောင်းသုတေသနပညာရှင်များက သုံးသပ်ခဲ့ကြဟန်ရှိသည်။

မျက်မှောက်ခေတ်သမိုင်းများတွင် “ပုသိမ်(၃၂)မြို့ဝင်၊ ဟံသာဝတီခေတ်၊ လောက်ဖျားမင်း စသော ဖော်ပြမှုတို့ဖြင့် အစပျိုး၍ ဖော်ပြထားကြသည်ကိုသာ တွေ့ရှိရသည်။ ထို့ထက်ပို၍စောသော တကောင်း၊ သရေခေတ္တရာ၊ ပုဂံခေတ်တို့နှင့် ဆက်စပ်သုံးသပ်နိုင်သော သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုဖြစ်စဉ်များသည် ခေတ်အဆက်ဆက် တိမ်မြုပ်ပျောက်ကွယ်နေခဲ့သည်။

သို့သော်လည်း ပါမောက္ခဦးဖေမောင်တင်နှင့် ဂျီအက်စ်ဖာနေဗယ်တို့ ပူးတွဲရေးသားခဲ့သည့် ဗမ္မာ့ဒီပအုပ်ဆောင်းကျမ်းတွင်မူ မြောင်းမြမြို့ဟောင်းတည်ရှိခဲ့မှုနှင့်ပတ်သက်၍ အထောက်အထားများဖြင့် ထည့်သွင်းရေးသားထားကြောင်း သိရသည်။ မြောင်းမြမြို့ဟောင်းသည် အသစ်တွေ့ရှိဖော်ထုတ်ထားသော ရှေးဟောင်းနေရာများအနက် အရေးပါသော ရှေးဟောင်း



**ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန အမျိုးသား ပြတိုက်နှင့်စာကြည့်တိုက် ဦးစီးဌာန၏ မြောင်းမြမြို့ဟောင်းအတွင်း တူးဖော်သုတေသနပြုထိန်းသိမ်းထားမှု အမှတ်အသားပြ ဆိုင်းဘုတ်ကို တွေ့ရစဉ်။**

ယဉ်ကျေးမှုဒေသကြီးအဖြစ် ယခုအခါ ရှေးဟောင်းသုတေသနပညာရှင်များ လက်ခံလာကြပြီဖြစ်သည်။

ယခင်ခေတ်အဆက်ဆက် တိမ်မြုပ်ပျောက်ကွယ်လျက်ရှိသော မြောင်းမြမြို့ဟောင်းကို ပြန်လည်ဖော်ထုတ်ရန်အတွက် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ ပညာရှင်များပါဝင်သော ရှေးဟောင်းသုတေသနအဖွဲ့သည် ၂၄-၅-၂၀၀၅ ရက်မှစ၍ ၁၀ ရက်ကြာ ကွင်းဆင်းလေ့လာမှတ်တမ်းတင်ခဲ့ကြသည်။

အဆိုပါ ရှေးဟောင်းသုတေသနအဖွဲ့သည် တိုတောင်းသောအချိန်ကာလအတွင်းမှာပင် နန်းတော်ရာ၊ မြို့ရိုး၊ ကျုံး၊ ရေသိမ်၊ စေတီဟောင်းများ၊ စဉ့်ဖို၊ ရှေးဟောင်းရေတွင်းရေကန်များ အပါအဝင် ရှေးဟောင်းနေရာ ၅၇ ခုကို လေ့လာမှတ်တမ်းတင်နိုင်ခဲ့သည်။ ဒေသခံသုတေသီများ၏ အဆိုအရ မြောင်းမြမြို့ဟောင်းတွင် စေတီပုထိုးပေါင်း ၄၄၉ ဆူ တည်ရှိပြီး အဆူပေါင်း ၁၇၈ ဆူ တွေ့ရှိရကြောင်း သိရသည်။

ပဏာမ ကွင်းဆင်းလေ့လာတွေ့ရှိရသော အထောက်အထားများသည်ပင်လျှင် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသသည် သရေခေတ္တရာ၊ ပုဂံယဉ်ကျေးမှုတို့နှင့် သမိုင်းဖြစ်စဉ်ကို ဆက်စပ်သုံးသပ်နိုင်သော အဖိုးတန်ရှေးဟောင်းယဉ်ကျေးမှုအထောက်အထားများပင်ဖြစ်သည်။

မြောင်းမြမြို့ဟောင်းသည် ခြောက်မိုင်ပတ်လည်ကျယ်ဝန်းပြီး အလောင်းစည်သူမင်းကြီး တည်ထားကိုးကွယ်ခဲ့သော ဘုရားစေတီပေါင်း ၄၄၉ ဆူရှိသည့်အနက် ယခုအခါ ဘုရားအဆူပေါင်း ၃၀၀ ခန့် ပြန်လည်ရှာဖွေတွေ့ရှိထားပြီဖြစ်ကြောင်း၊ မြောင်းမြမြို့၏ မြို့ဟောင်းကျေးရွာသည် ယခင်က အောက်ပုဂံနေပြည်တော်ဖြစ်ခဲ့ပြီး BC ၂၀၀၀ ခန့်က ရှေးဟောင်းဒင်္ဂါးပြားများကို တွေ့ရှိခဲ့ရကြောင်း၊ အဆိုပါ ဒင်္ဂါးပြားများတွင် ခရော်စတီအက္ခရာများ ပါရှိသဖြင့် သက်တမ်းအားဖြင့် နှစ်ပေါင်း၂၀၀၀ ကျော်က ဒင်္ဂါးပြားများဖြစ်ကြောင်း မြောင်းမြမြို့ မြစိမ်းရောင်တောင် သာသနာ့နယ်မြေမှ ဒေသခံတစ်ဦးက ပြောကြားသည်။

မြောင်းမြမြို့ဟောင်းကို ရှာပုံတော်ဖွင့်မည်ဆိုပါက မြောင်းမြမြို့ ကုန်းသာကျေးရွာအုပ်စုရှိ မြစိမ်းရောင်တောင် သာသနာ့နယ်မြေသမိုင်းကိုလည်း ချန်လှပ်၍ ရမည်မဟုတ်ပါချေ။ မြောင်းမြမြို့ဟောင်း ရှာဖွေတွေ့ရှိမှုနှင့် မြစိမ်းရောင်တောင် သာသနာ့နယ်မြေသည် ဆက်စပ်မှုရှိနေ



# အစိမ်းရောင်စီးပွားရေးလုပ်ငန်းများဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းပါ

## သတင်းဆောင်းပါး-မင်းသန့်ကို ဓာတ်ပုံ-အောင်ကျော်ဝင်း(ကြေးမုံ)

သဘာဝပတ်ဝန်းကျင်သည် လူသားတို့အတွက် မရှိမဖြစ်လိုအပ်သည့် အရင်းအမြစ်အထောက်အပံ့များကို စဉ်ဆက်မပြတ် အခမဲ့ ကူညီထောက်ပံ့ပေးသည်။ လူသားနှင့် သက်ရှိတို့ အသက်ရှင်ရပ်တည်ရန်အတွက် မရှိမဖြစ်လိုအပ်သည့် လေကို ထောက်ပံ့ပေးသည်။ ထို့ပြင် စားရေး၊ ဝတ်ရေး၊ နေရေး စသည့် လူသားတို့၏ အရေးခပ်သိမ်းတို့အတွက် သဘာဝပတ်ဝန်းကျင်က အရာရာကို ထောက်ပံ့ပေးသည်။ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားဖွံ့ဖြိုးရေးတို့အတွက် လိုအပ်သမျှသော အရင်းအမြစ်များကို သဘာဝပတ်ဝန်းကျင်ထံမှ ထုတ်ယူသုံးစွဲကြရသည်။ ထိုသို့ထုတ်ယူသုံးစွဲကြရာတွင် သဘာဝပတ်ဝန်းကျင်ပျက်စီးမည့်ဘေးကို အလေးမမူကြဘဲ သူ့ထက်ငါအပြိုင်အဆိုင် ထုတ်ယူသုံးစွဲကြသဖြင့် သဘာဝပတ်ဝန်းကျင်သည် တစ်နေ့ထက်တစ်နေ့ ပျက်စီးလာခဲ့ရသည်။ ပြန်လည်ပြုပြင်မှုမရှိကြဘဲ မဆင်မခြင် ထုတ်ယူသုံးစွဲခဲ့ကြသကဲ့သို့ စွန့်ပစ်ပစ္စည်းများကို စနစ်တကျ စွန့်ပစ်မှုမရှိခြင်းကြောင့်လည်း သဘာဝပတ်ဝန်းကျင်သည် နေ့စဉ်နှင့်အမျှ ပျက်စီးလာနေရသည်။

ယနေ့ကမ္ဘာ့နိုင်ငံများအကြား အလေးထား ဆွေးနွေးနေကြရသည်က ကမ္ဘာ့ရာသီဥတု၊ သဘာဝဘေးအန္တရာယ်နှင့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကိစ္စရပ်များပင်ဖြစ်သည်။ တစ်ချိန်က စီးပွားဖွံ့ဖြိုးရေးအတွက် သဘာဝပတ်ဝန်းကျင်မှ ရသမျှသောအရင်းအမြစ်များကို သူ့ထက်ငါ အပြိုင်အဆိုင် ထုတ်ယူသုံးစွဲခဲ့ကြသဖြင့် သဘာဝပတ်ဝန်းကျင်ယိုယွင်း ပျက်စီးလာရခြင်းနှင့်အတူ ကြီးမားသော သဘာဝဘေးအန္တရာယ်များက လူသားတို့အတွက် အပြစ်ဒဏ်ပေးနေပြီဖြစ်သည်။ ယနေ့နိုင်ငံတကာတွင် ရင်ဆိုင်တွေ့ကြုံနေရသည်က ပုံမှန်မဟုတ်သော ရာသီဥတုအခြေအနေများ ဖြစ်ပေါ်လာနေခြင်းဖြစ်သည်။ နွေရာသီတွင် ပိုမိုပူပြင်းလာသကဲ့သို့ ရေကြီးရေလျှံမှုများလည်း ဖြစ်ပေါ်နေသည်။ မိုးရာသီတွင် မိုးခေါင်ရေရှားမှုများ ကြုံတွေ့ရသကဲ့သို့ မိုးအလွန်အကျွံရွာသွန်းမှုကြောင့် လူနေအိမ်ခြေများ၊ စိုက်ခင်းများ ပျက်စီးကြရသည်။ မုန်တိုင်းများ၊ အပူလှိုင်း၊ အအေးလှိုင်းများ၊ ဆူနာမီရေလှိုင်းများ အချိန်အခါမဟုတ် တိုက်ခတ်ဖြတ်သန်းလာသည်။

သို့ဖြစ်၍ ယနေ့အချိန်တွင် လူနေမှုအဆင့်မြင့်မားရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် သဘာဝအရင်းအမြစ်များ အလွန်အကျွံ ထုတ်ယူခြင်းမရှိစေရေး ထိန်းကွပ်ဆောင်ရွက်မှုများ၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development) လုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိသည့် အစိမ်းရောင်စီးပွားရေးလုပ်ငန်းများ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြုလုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်နေကြသည်။

လူသားပတ်ဝန်းကျင်ညီလာခံကြီး (Conference on the Human Environment) ကို ၁၉၇၂ ခုနှစ်တွင် ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့တွင်ကျင်းပ၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို နိုင်ငံများအားလုံး အတူတကွ ပူးပေါင်းလက်တွဲဆောင်ရွက်ကြရန် ဆုံးဖြတ်ခဲ့ကြသည်။ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပေါင်းစပ်ညှိနှိုင်းပေးရန်နှင့် နည်းပညာအထောက်အပံ့ပေးနိုင်ရန်အတွက် (United Nations Environment Programme-UNEP)ကို ဖွဲ့စည်းဆောင်ရွက်လာခဲ့သည်မှာ ယခုနှစ်တွင် အနှစ်လေးဆယ် ပြည့်မြောက်ပြီဖြစ်သည်။ ကုလသမဂ္ဂ UNEP ၏ ကြီးမှူးကျင်းပမှုဖြင့် ဇွန်လ ၅ ရက်နေ့ကို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်၍ နှစ်စဉ်ဆောင်ပုဒ်များချမှတ်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်ခဲ့သည်မှာ ယနေ့တိုင်ဖြစ်သည်။ ယခုနှစ်အတွက် သတ်မှတ်ထားသည့် ဆောင်ပုဒ်မှာ"Green Economy: Does It include you?" "ပတ်ဝန်းကျင်မပျက်ယွင်းစေသော အစိမ်းရောင်စီးပွားရေး၊ သင်တို့အားလုံး ပါဝင်ဆောင်ရွက်ပေး" ဟူ၍ ဖြစ်သည်။ လူသားတို့အတွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရရှိစေရန်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ပေါင်းစပ်ဆောင်ရွက်ရန်အတွက် ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေသည့် အစိမ်းရောင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်ထားခြင်းဖြစ်သည်။

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုမြို့တွင် ၁၉၉၂ ခုနှစ်က ကျင်းပပြုလုပ်ခဲ့သည့် (United Nations Conference on the Environment and Development-UNCED) ကုလသမဂ္ဂ ပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်မှုညီလာခံကြီးက ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများပါ ပေါင်းစပ်ဆောင်ရွက်ရန်အတွက် ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ၂၁ရာစု အစီအစဉ်ကို အတည်ပြုချမှတ်ခဲ့သည်။ အဆိုပါညီလာခံကြီးသည် ရီယို ထိပ်သီးညီလာခံဟုထင်ရှားခဲ့ပြီး ယခုနှစ်သည် အဆိုပါ ညီလာခံကြီးမှ ချမှတ်ခဲ့သည့် ၂၁ ရာစုအစီအစဉ်များကို ပြန်လည်သုံးသပ်ခြင်း၊ လိုအပ်သည့် အားဖြည့်မှုများ ဆောင်ရွက်ရန် ဆုံးဖြတ်ခြင်းများပြုလုပ်ရန်အတွက် ယင်းမြို့မှာပင် ရီယိုညီလာခံ အပြီး နှစ် ၂၀ အကြာ အထိမ်းအမှတ် ညီလာခံ(Rio+20) ကျင်းပပြုလုပ်မည်ဖြစ်သည်။

၂၀၀၂ ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး ထိပ်သီးညီလာခံ (World Summit on Sustainable Development-WSSD) ကို တောင်အာဖရိကနိုင်ငံတွင် ကျင်းပခဲ့ပြီး ယင်းညီလာခံက နိုင်ငံများအားလုံး စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေး မဟာဗျူဟာ (Sustainable Development Strategy) များ ချမှတ်ဆောင်ရွက်ရန် တိုက်တွန်းခဲ့သည်။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဆိုသည်မှာ "မျက်မှောက်လူသားတို့၏ လိုအပ်ချက်များကို ဖြည့်စွမ်းနိုင်ပြီး အနာဂတ်မျိုးဆက်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းရန်အလို့ငှာ ယင်းအနာဂတ်မျိုးဆက်တို့၏ စွမ်းဆောင်နိုင်မှုများကို မလျော့ပါးစေသော ဖွံ့ဖြိုးတိုးတက်မှု" "Develoment which meets the needs of the present without compromising of the ability of future generations to meet their own needs" ဟု အဓိပ္ပာယ် သတ်မှတ်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရသည်။

ယနေ့အချိန်တွင် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာမှုကြောင့် ရေထု၊ မြေထု၊ လေထုညစ်ညမ်းမှု၊ လေထုညစ်ညမ်းမှုကြောင့်ဖြစ်ပေါ်သည့် ရာသီဥတုပြောင်းလဲမှု၊ ကမ္ဘာကြီးပူနွေးလာမှု၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှု၊ အက်စစ်မိုးရွာသွန်းမှု၊ အိုဇုန်းလွှာပျက်စီးမှု၊ သစ်တောများပြုန်းတီးမှု၊ ဇီဝမျိုးစုံမျိုးကွဲများ လျော့ပါးပျောက်ကွယ်လာမှု၊ မြေဆီလွှာပြုန်းတီးမှု၊ သဲကန္တာရများ ဖြစ်ထွန်းလာနေမှု စသည့် သဘာဝဘေးအန္တရာယ်များကို ကမ္ဘာနှင့်အဝှမ်း ရင်ဆိုင်ရလျက်ရှိသည်။

စက်ရုံ အလုပ်ရုံများ၊ ယာဉ်ရထားများ၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများက စွန့်ထုတ်သည့် အခိုးအငွေ့နှင့် အပူများကြောင့်လည်းကောင်း၊ စွန့်ပစ်ပစ္စည်းများ၊ အညစ်အကြေးများကို စနစ်တကျ ထိန်းသိမ်းစွန့်ပစ်မှုမရှိခြင်းကြောင့်လည်းကောင်း ရေထု၊ မြေထုနှင့် လေထုညစ်ညမ်းမှုများဖြစ်ပေါ်ကာ သဘာဝပတ်ဝန်းကျင်ယိုယွင်းလာခြင်းနှင့်အတူ ရာသီဥတုပြောင်းလဲခြင်းများဖြစ်ပေါ်လာသည်။ ကမ္ဘာကြီးပူနွေးလာခြင်း၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်ခြင်း စသော သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာပြီး ပတ်ဝန်းကျင်ကို ပိုမို၍ယိုယွင်းပျက်စီးစေပါသည်။

ရာသီဥတုပြောင်းလဲမှုများကြောင့် နိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများကို များစွာ အန္တရာယ်ပြု ခြိမ်းခြောက်လျက်ရှိရာ ကမ္ဘာ့နိုင်ငံအသီးသီးသည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာများကို ဖြေရှင်းဆောင်ရွက်ရန် မူဝါဒ(Climate Change Policy)များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ မှန်လုံအိမ်အာနိသင်ဖြစ်စေသော ဓာတ်ငွေ့များ (Green House Gases-GHGs) ထုတ်လွှတ်မှုလျှော့ချရေးလုပ်ငန်းများအဖြစ် လောင်စာဆီ အစားထိုးအသုံးပြုနိုင်သည့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိသော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ အသုံးပြုသည့်နည်းပညာများ ရှာဖွေဖော်ထုတ်အသုံးပြုလာကြသည်။ နေရောင်ခြည်စွမ်းအင်မှ လျှပ်စစ်ဓာတ်အားထုတ်ယူသုံးစွဲခြင်း၊ လေဒလက်များအသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲခြင်း၊ ဇီဝလောင်စာ ထုတ်ယူအသုံးပြုခြင်းများပြုလုပ်၍ (GHGs) ထုတ်လွှတ်မှုလျှော့ချရေးလုပ်ငန်းများကို စမ်းသပ်ဖော်ထုတ် အသုံးပြုလျက်ရှိကြသည်။ လူဦးရေတိုးတက်များပြားလာခြင်း၊ စက်ရုံအလုပ်ရုံများ တိုးတက်များပြားလာခြင်းတို့ကြောင့် သစ်တောများကို အခြားမြေယာအသုံးပြုမှုပုံစံများအဖြစ် ပြောင်းလဲအသုံးပြုခံရခြင်းဖြင့် သစ်တောပြုန်းတီးမှုများ များပြားလာခဲ့သည်။ သစ်တောများက ကမ္ဘာကြီးပူနွေးမှုကိုဖြစ်စေသည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို စုပ်ယူပေးသည်ဖြစ်ရာ သစ်တောများပြုန်းတီးလာခြင်းကြောင့် လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုက်ပါဝင်မှု မြင့်တက်လာရသည်။

စွန့်ပစ်အမှိုက်များနှင့် အညစ်အကြေးများကို စနစ်တကျ စွန့်ပစ်မှုမရှိခြင်းကြောင့် အနီးပတ်ဝန်းကျင်နှင့် ရေထု၊ မြေထု ညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည်။ ကမ္ဘာ့ရေထု၏ သုံးရာခိုင်နှုန်းခန့်သာ သောက်သုံးနိုင်သောရေချိုဖြစ်ရာ မြေထုနှင့် ရေထု ညစ်ညမ်းမှုကြောင့် သောက်သုံးရေရှားပါးလာမှုပြဿနာများကို ဖြစ်ပေါ်စေပါသည်။ သို့ဖြစ်၍ စွန့်ပစ်အမှိုက်နှင့် အညစ်အကြေး များကို စနစ်တကျ စွန့်ပစ်ကြရမည်ဖြစ်သည်။ ယနေ့ နိုင်ငံတကာ တွင် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ လိုက်နာကျင့်သုံးနေကြ သည့် နည်းလမ်းသုံးသွယ်ရှိသည်။ 3R ဟုခေါ်သော(Reduce) စွန့်ပစ်အမှိုက်နှင့် အညစ်အကြေးများလျော့နည်းအောင် လျှော့ချသည့်နည်းလမ်း၊ (Reuse) စွန့်ပစ်အမှိုက်များအနက်မှ အချို့ကို ပြန်လည် အသုံးပြုသည့်နည်းလမ်း၊ (Recycle) စွန့်ပစ်ပစ္စည်းများ အနက်မှ အချို့ကို မူလပုံစံအတိုင်း သို့မဟုတ် အခြားပစ္စည်း တစ်မျိုးမျိုးအဖြစ် ပြန်လည်ပြုပြင်အသုံးပြုသည့် နည်းလမ်းများပင် ဖြစ်သည်။

